

ထင်ဖြူ၊ ကျွန်းဇော်သိန်း
တတိယအကြိမ်
20 years
Seikku Cho Cho


ဂဠုန်သစ္စာ

"မိမိသည် အများပြည်သူတို့၏ ပစ္စည်းများကို အပ်တိုတစ်ချောင်းမျှပင် ပြစ်မှားခြင်းမပြုပါ။ သူတစ်ပါး၏ သားမို့ သမီးမို့များကို ဖျက်ဆီးခြင်းမပြုပါ။ အမျိုးဘာသာ သာသနာကို ပြန့်ပွား ထွန်းကားစေရန်နှင့် တိုင်းပြည်လူထုကောင်းစားရန် အတွက်ပါ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သစ္စာပြုပါ၏။ ယခုပြုသည့် သစ္စာကို ခိုင်ခိုင်မြဲမြဲ ထိန်းသိမ်းစောင့်ရှောက်ပါမည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုဘဲ ဖောက်လွဲ ဖောက်ပြန်ပြုလုပ်ပါက ရေသွားရေဘေး၊ ကုန်းသွားကုန်းဘေးများ သင့်ပါစေသား"

ဤသည်ကား အမျိုးဘာသာ သာသနာ အင်ပြု ဂဠုန်တပ်သားတိုင်း ကျင့်သုံးရသော သစ္စာ တရားပင်ဖြစ်ပေသည်။

ဆင်ဖြူကျွန်း အောင်သိန်း

# ဂဠုန်သစ္စာ



ISBN9789997117069
SPK27
9 789997 117069
3,700.00KS

mgyoe.com

ဂျွန်သရာစ်၊ ဆင်ဖြူကျွန်းအောင်သိန်း
မျက်နှာဖုံးပန်းချီ - မှတ်သုံ
စာမျက်နှာ ၃၆၀++ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇွန်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၀ မျိုးမြန်မာစာပေတိုက်၏ ဒုတိယအကြိမ်မူ၊
(ပထမအကြိမ် - ၁၉၆၅၊ ပုဂံစာအုပ်တိုက်)

ရောင်းဈေး ၃၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂဠုန်ဆရာစံ

ဆင်ဖြူကျွန်းအောင်သိန်း

တတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဤဝတ္ထု

ရေးခဲ့သမျှ ဝတ္ထုစာအုပ်များထဲတွင် ဤဝတ္ထုကိုရေးသားရခြင်းမှာ အပင်ပန်းဆုံးဖြစ်သည်ဟု ကျွန်တော် မှတ်တမ်းတင်လိုပါသည်။

ကျွန်တော်သည် ဝတ္ထုရေးသမားဖြစ်သည့် အလျောက် ဝတ္ထုများရေးသားရာတွင် မပင်ပန်းခဲ့လှပေ။ ဤဝတ္ထုကို ရေးသားရာတွင် တစ်မျိုးသားလုံး ဂုဏ်ပြုချီးကျူးရသော ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်သည့်အတွက် သူ၏ဂုဏ်ကို မထိပါးမိအောင် ကြိုးစားရေးသားရ၏။ ဂရုစိုက်ရေးသားရ၏။ ထို့ကြောင့် ကျွန်တော်ရေးသားခဲ့သော လုံးချင်းဝတ္ထုများအနက် ဤဝတ္ထုကို ရေးသားရခြင်းမှာ အပင်ပန်းဆုံးဖြစ်ပါတော့သည်။

နယ်ချဲ့သမားကို ခေါင်းဆောင်ကြီးဆရာစံနှင့် လယ်သမားတို့ တော်လှန်တိုက်ခိုက်ခဲ့သော အချိန်ကာလမှာ နှစ်ပေါင်း ၃၀ မျှသာ ကြာမြင့်သေးသဖြင့် များစွာကြာညောင်းလှပြီဟု မဆိုနိုင်သေးပေ။ သို့ရာတွင် ထိုပုဂ္ဂိုလ်ကြီးနှင့် သူ၏

mgyoe.com

mgyoe.com



ရဲဘော်ရဲဘက်များကို ဂုဏ်ပြုမှတ်တမ်းတင်သော အားဖြင့် ဝတ္ထုတစ်ပုဒ်ရေးသားရန် ကြိုးပမ်းသောအခါ ဆရာစံနှင့် လယ်သမားဂဠုန် သူပုန်တို့အကြောင်းအရာ မှတ်တမ်းမှတ်စု များသည် ရှားပါးနေပေ၏။ နှစ်ပေါင်း ၃၀ က အဖြစ်အပျက် များသည် နှစ်ပေါင်း ၁၀၀ လောက်က အဖြစ်အပျက်တစ်ခု ပမာ အထောက်အထားနည်းပါး တိမ်ကောနေလေသည်။

အထောက်အထားမပြည့်စုံဟု ဆိုရခြင်းမှာ ကျေနပ် ဖွယ်ရာ အထောက်အထားများ မရရှိခြင်းကို ဆိုလိုပါသည်။ မှတ်စုမှတ်တမ်း အချို့ကိုကားရရှိပါ၏။ သို့သော် ကျေနပ် ဖွယ်မကောင်း။ လက်ခံရန်မသင့်ဟု ယူဆကာ ခုနှစ်သက္ကရာဇ် များသာလျှင် ယူပါသည်။

နယ်ချဲ့သမားနှင့် သူ၏ကျေးတော်မျိုး၊ ကျွန်တော်မျိုး တို့ ရေးမှတ်ခဲ့သော မှတ်တမ်းများကို ပစ်ပယ်လိုက်ပြီးနောက် ကျွန်တော်သည် အပင်ပန်းခံ၍ မေးမြန်းစုံစမ်းခဲ့ရ၏။ သာယာဝတီ၊ သုံးဆယ်နှင့် ဘီလူးကျွန်း၊ ကမာစိုစသော နေရာများသို့ သွားရောက်လေ့လာသည်။ သိမီသူများကို ချဉ်းကပ်စုံစမ်း၏။ ထိုနေရာများမှ သင့်လျော်ရုံမျှသာ လေ့လာ၍ ရရှိပါသည်။

ကျွန်တော်၏ လေ့လာစုံစမ်းမှုများမှ သင့်လျော်ရုံမျှ သော အကြောင်းချင်းရာများကို ရရှိခဲ့သည်ဟု ဆိုစေကာမူ ကျွန်တော့်အတွက် အဖိုးတန်လှသည်။ ထိုခေတ်ဝံသာနုများ ၏ စိတ်ဓာတ်၊ ထိုခေတ် တောင်သူလယ်သမားတို့၏ ဘဝကို စာတွေ့မဟုတ်ဘဲ နားကြားအဖြစ် လေ့လာမှတ်သားခဲ့ရ သည်။

mgyoe.com

mgyoe.com



ထိုမှတ်သားချက်များကို အရင်းခံ၍ ရက်ခြား သူရိယသတင်းစာနှင့် သူရိယနေ့စဉ်သတင်းစာများမှ ဂဠုန်သူပုန်သတင်းများကို ပေါင်းစပ်ကာ ဤဝတ္ထုကို ရေးသားရခြင်းဖြစ်ပါသည်။

အချို့သောမှတ်တမ်းများသည် အမှန်လက်ခံဖွယ်သင့်သည်ဟု ယူဆကြသော်လည်း လက်တွေ့လေ့လာ စုံစမ်းရာတွင် ဦးစောက်ပြောင်းပြန် ဖြစ်ကုန်သည်များလည်းရှိသဖြင့် အချို့သောအကြောင်းအရာ၊ အချို့သော အချက်အလက်များ ကျန်ရှိနေခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်သည် ဤဝတ္ထုကို ရေးသားရာ၌ ခုနှစ်သက္ကရာဇ်များကို ခိုင်လုံသေချာမှ သုံးစွဲပါသည်။ ခေါင်းဆောင်ကြီး ဆရာစံ၌ လက်ရင်းဗိုလ် တစ်ရာကျော်ရှိသည်ဆိုသော်လည်း အမည်နာမအတိအကျကို ကျွန်တော် ရှာဖွေရရှိသမျှသာ ထည့်သွင်းသုံးစွဲပါသည်။ ဂဠုန်တပ်သားတိုင်း၌ အမှတ်စဉ်ဂဏန်းများ ထိုးနှံကြငြားလည်း အမည်နှင့်အမှတ် တွဲဖက်၍ ဖော်ပြနိုင်သူကိုသာလျှင် ဇာတ်လမ်း၌ အသုံးပြု၏။ ဒေသဆိုင်ရာ သူပုန်ခေါင်းဆောင်များမှာလည်း အလားတူပင်ဖြစ်ပါသည်။

ထို့ကြောင့် ဤဝတ္ထုသည် မှတ်တမ်းဆန်သောဝတ္ထုဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။

တစ်ဖန် ထိုဝတ္ထုသည် တစ်မျိုးသားလုံး လေးစားဂုဏ်ပြုရသော သူပုန်ခေါင်းဆောင်ကြီး၏ အကြောင်းဖြစ်ပြန်သည့်အတွက် ကျွန်တော်သည် သူ၏ဂုဏ်ကို မထိပါးအောင်ရေး၏။ သူ့ဂုဏ်သိက္ခာကိုထိပါးမည့် ကိစ္စမှန်သမျှကိုလည်း

mgyoe.com

mgyoe.com



ကာကွယ်ထား၏။ နယ်ချဲ့သမားနှင့် အပေါင်းပါများ ဖုံးဖိထားခဲ့သမျှကိုလည်း တတ်စွမ်းသမျှ ဖော်ထုတ်ထားသည်။

ကျွန်တော်တို့ ကြားရည်ဝနေသော ဆရာစံ၏ အကြောင်းအရာသည် ဤဝတ္ထုနှင့် ခြားနားကောင်း ခြားနားပေမည်။ သို့သော် ဤဝတ္ထုကား အမှားကို အမှန်ဟု ကြံစည်လီဆယ်၍ ရေးသားခြင်းမဟုတ်ကြောင်းကို ဝန်ခံလိုပါသည်။ အမှန်ကိုပေါ်လွင်စေရန် ကျွန်ခေတ်တောင်သူလယ်သမားတို့၏ ကြီးမားသောလှုပ်ရှားမှုမှ အစိတ်အပိုင်းအချို့ကို ပေါင်းစပ်၍ ဂုဏ်ပြုထုတ်ဖော်ပါသည်။

**ဆင်ဖြူကျွန်းအောင်သိန်း**

❑

mgyoe.com

mgyoe.com



တောင်သူလယ်သမား တော်လှန်ရေးခေါင်းဆောင်
သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ ဂဠုန်ဆရာစံ


mgyoe.com

mgyoe.com





ဆရာစံကို ရှမ်းပြည်နယ်ဟိုဒိုရွာမှ ဖမ်းမိလာပြီးနောက် နောင်ချိုသို့မပို့မီ ထိတ်တုံးခတ်ထားစဉ်




ဆရာစံနှင့် နယ်ချဲ့အစိုးရ၏ ညှဉ်းပန်းမှုကို မခံမရပ်နိုင်သဖြင့် အုံကြွသော လယ်သမားကြီးများ ဆွေးနွေး၍ အရေးတော်ပုံစတင်ပနက်ရိုက်ခဲ့သော သာယာဝတီမြို့နယ် အင်းရွာအပိုင် မန်ကျည်းကုန်းဘုန်းကြီးကျောင်း


mgyoe.com

mgyoe.com





ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ လယ်သမားအရေးတော်ပုံကြီးတွင် ပါဝင်ဆင်နွှဲခဲ့၍ ခုံရုံးတင်တရားစွဲ
ကြိုးဒဏ် ကျွန်းဒဏ်ခံခဲ့ရသူ လယ်သမားသူပုန်ကြီးများ




ဆရာစံကို မသေမချင်း လည်ပင်းကြိုးကွင်းစွပ် သတ်ခဲ့သော သာယာဝတီထောင်အတွင်းရှိ ကြိုးစင်ကြီး

mgyoe.com

mgyoe.com





တားဆွဲကာ နယ်ချဲ့သမားကို ခုခံကြသော လယ်သမားသူပုန်ကြီးများကို ဗြိတိသျှအစိုးရတပ်များက
ဤသို့သော စက်သေနတ်ကြီးများဖြင့် သတ်ဖြတ်နှိမ်နင်းခဲ့ကြသည်




ရှမ်းပြည်နယ်သို့ ဆရာစံတိမ်းရှောင်နေခဲ့စဉ်က ခိုအောင်းခဲ့သည့် နောင်ချိုမှ ၁၄ မိုင် ဝေးကွာသော
ဒရယ်ဘို ကျောက်ခေါင်းစခန်းရှိ ကျောက်လိုဏ်ဂူကြီး

mgyoe.com

mgyoe.com




နံပါတ် ၁၁၁ ၊ဂျူနိုအဖွဲ့ကြီး ဥပဒေကို
လိုက်နာပါမည်ဟု သစ္စာခံသောကြောင့်
အသက်( ၃၀ )နှစ်ရှိသူ [illegible]
သို့ (၂၇)...... အသင်းသားအဖြစ် အသိအမှတ်ပြုတော်မူလိုက်သည်၊
၁၂၉၂ ခုတန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
သမတ [illegible]

လယ်သမားအရေးတော်ပုံကြီးတွင် ပါဝင်ဆင်နွှဲသော ဂျူနိတပ်ဖွဲ့ဝင်များအတွက်
အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်

mgyoe.com

mgyoe.com





ဆရာစံ ရေးသားပြုစုခဲ့သော လက္ခဏာတုင်ကျမ်း




တောင်သူလယ်သမားခေါင်းဆောင်ကြီး
ဆရာစံအား ဖမ်းဆီးရန်အတွက်
အသုံးပြုခဲ့သော ဖမ်းဝရမ်းမှုရင်း

mgyoe.com

mgyoe.com





ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားအရေးတော်ပုံ





ဆရာစံ ဖွဲ့စည်းခဲ့သော ဂဠုန်တပ်မတော်အလံမူရင်း


mgyoe.com

mgyoe.com





တောင်သူလယ်သမား အရေးတော်ပုံတွင်
အသုံးပြုခဲ့သော တိုက်ပွဲဝင်အလံ




ဂျုန်တပ်သားများအား တိုက်ခိုက်ရန်အတွက်
ပန်ချာပီစစ်သားများ စစ်ရေးလေ့ကျင့်နေပုံ

mgyoe.com

mgyoe.com





တောင်သူလယ်သမားတော်လှန်ရေးတွင် ဆရာစံနှင့်အတူ
ပါဝင်တိုက်ပွဲဝင်ကြသည့် တော်လှန်ရေးရဲဘော်များ




တော်လှန်လိုစိတ် ပြင်းပြလျက်ရှိသော တောင်သူလယ်သမားကြီးများအား
စိတ်ဓာတ်ကျဆင်းစေရန်အတွက် တော်လှန်ရေးကြီးတွင် ပါဝင်သူများ၏ ဦးခေါင်းများကိုဖြတ်ကာ
လူစည်ကားရာအရပ်များ၌ ဤသို့ ပြသထားခဲ့၏။

mgyoe.com

mgyoe.com





ဆရာစံကို အမှုစစ်ဆေးရန် သာယာဝတီအကျဉ်းထောင်မှမထုတ်မီ ပန်ချာပီသေနတ်ကိုင်
တပ်ရင်း ၁၅ မှ တပ်စိတ်တစ်စိတ်ကို ကြိုတင်၍ အစောင့်ချထားခဲ့သည်။




ဆရာစံအား အမှုစစ်ဆေးရန် အစောင့်ပုလိပ်များ၊ စစ်သားများဖြင့် ဝိုင်းရံလျက် သာယာဝတီထောင်မှ
ထုတ်ယူလာစဉ်။ ဆရာစံကို ရာဇဝတ်ဝန်ကြီး ဦးအုန်းကျော်နှင့် စုံထောက်ဘက်ဆိုင်ရာ
ဦးတင်တို့က ဝဲယာညှပ်၍ ခေါ်ဆောင်လာသည်။


mgyoe.com

mgyoe.com





ဆရာစံအား အမှုစစ်ဆေးရန် အစောင့်ပုလိပ်များ၊ စစ်သားများဖြင့်ဝိုင်းရံလျက် သာယာဝတီထောင်မှ ရုံးထုတ်လာသည်ကို လာရောက်ကြည့်ရှုနေသော လူထုပရိသတ်များ။



ဆရာစံ၏ ဂဠုန်တပ်သားများအား ချေမှုန်းတိုက်ခိုက်ရန်အတွက် ရောဝတီမြစ်ရိုးတစ်လျှောက် ဆန်တက်လာသော အင်္ဂလိပ်စစ်သင်္ဘော။

mgyoe.com

mgyoe.com






တောင်သူလယ်သမားခေါင်းဆောင်ကြီး ဂျွန်ဆရာစံ၏ အထိမ်းအမှတ်ရုပ်တု

mgyoe.com

mgyoe.com



စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းကို မကွေးတိုင်း၊ ဆင်ဖြူကျွန်းမြို့နယ်၊ ယမ်းဖိုကုန်းရွာတွင် အဖ ယာသမားကြီး ဦးရွှေစံနှင့် အမိ ဒေါ်ငွေစင်တို့မှ ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာ ၁၀ တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းလေးယောက်တွင် စတုတ္ထဖြစ်ပြီး အမည်ရင်းမှာ ဦးကြည်အေးဖြစ်၏။

ဒုတိယကမ္ဘာစစ်မတိုင်မီက ဆင်ဖြူကျွန်း ဒီစတြိတ်ကောင်စီ အထောက်အပံ့ခံ မူလတန်းကျောင်းနှင့် ဆင်ဖြူကျွန်းဦးဖိုးသိန်း အလယ်တန်းကျောင်းတို့တွင် မူလတန်းနှင့် အလယ်တန်းပညာများ သင်ခဲ့၏။ ဒုတိယကမ္ဘာစစ်အတွင်း ဆင်ဖြူကျွန်းဆရာနွယ် အထက်တန်းကျောင်းတွင် အထက်တန်းပညာသင်ခဲ့သည်။ ၁၉၅၅ တွင် ဝွတ္တာလစ်ကျောင်းသားဂုဏ်ရည် အလွတ်ပညာသင်ကျောင်း၌ ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၅၇ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည်။

mgyoe.com

mgyoe.com



၁၉၅၇-၅၈ တွင် 'ရုပ်ရှင်ပဒေသာ' မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ၊ ၁၉၅၈-၅၉ တွင် 'ရုပ်ရှင်လောက'၊ 'ယနေ့ရုပ်ရှင်' နှင့် 'နတ်သျှင်နောင်' စာစောင်တို့တွင် တာဝန်ခံအယ်ဒီတာ၊ ၁၉၆၃ တွင် 'တံခွန်ဂျာနယ်' အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၆၄-၆၅ တွင် 'ကာနယ်ဇင်း' ၌ တာဝန်ခံအယ်ဒီတာအဖြစ် အမှုထမ်းခဲ့သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ စာရေးဆရာ စာပေ ကလပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ၊ မြန်မာ နိုင်ငံစာပေပြန့်ပွား ရေးအသင်း၊ မြန်မာနိုင်ငံစာပေဝါသနာ ရှင်အဖွဲ့၊ ကမ္ဘာငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ)၊ စာပေ လုပ်သားအဖွဲ့၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့တွင် ပါဝင် ဆောင်ရွက်ခဲ့သည်။

၁၉၅၉ မှ ၁၉၆၁ အထိ ရုပ်ရှင်ဇာတ်လမ်း မှတ်တမ်း တင်သူ၊ တွဲဖက်ဒါရိုက်တာ စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။ ၁၉၅၁ တွင် 'ရွှေဇင်' ကလောင်အမည်ဖြင့် 'တိုင်းသစ်ဂျာနယ်' တွင် ကဗျာများစတင်ရေးခဲ့သည်။ ၁၉၅၃ တွင် 'ဆင်ဖြူကျွန်း အောင်သိန်း' ကလောင်အမည်ဖြင့် ကဗျာများစရေးသည်။ ၁၉၅၃ ခုနှစ် သွေးသောက်မဂ္ဂဇင်းပါ 'စွပ်ကြယ်' သည် ဆင်ဖြူကျွန်းအောင်သိန်း၏ ပထမဆုံး ဝတ္ထုတိုဖြစ်သည်။ 'လွမ်းယမုံဦး (၁၉၅၇)' သည် သူ၏ ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သည်။ 'ကိုဆေးရိုး' အဓိကဇာတ်ဆောင်ပြု ဝတ္ထုများ သည် သူ၏ထင်ရှားသော ဝတ္ထုတိုများဖြစ်၏။ ထိုဝတ္ထုတို များကို ပေါင်း၍ ကိုဆေးရိုးအတွဲ (၁၁) တွဲ ထုတ်ဝေခဲ့ပြီးဖြစ် သည်။

mgyoe.com

mgyoe.com



ဆင်ဖြူကျွန်းအောင်သိန်း ကလောင်နာမည်အပြင် အမည်ရင်းဦးကြည်အေးဖြင့်လည်း စာအုပ်များ ရေးသားခဲ့သည်။ ဦးအောင်သိမ်းမြတ်၊ ဦးသိန်းဖေ၊ ဇင်အောင်၊ မင်္ဂလာစျင်အောင်၊ ဆီညော်စျင်အောင်၊ စိုင်းစျင်အောင် စသည်ဖြင့် ကလောင်အမည်ခွဲ ၂၀ ကျော်ဖြင့်လည်း၀တ္ထုတို၊ ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၉၀ တွင် ကိုဆေးရိုး (၄) ဖြင့် အမျိုးသားစာပေ (၀တ္ထုတိုပေါင်းချုပ်) ဆု၊ ၁၉၉၆ တွင် ကိုဆေးရိုး (၆) ဖြင့် အမျိုးသားစာပေ (၀တ္ထုတိုပေါင်းချုပ်) ဆုတို့ကို ရရှိခဲ့သည်။ ၁၉၉၈ တွင် အရှေ့တောင် အာရှစာပေဆု ချီးမြှင့်ခြင်းခံရသည်။

၁၉၉၉ တွင် ဝိဇ္ဇာပညာထူးချွန် (ပထမအဆင့်)၊ ၂၀၀၄ တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ ၂၀၀၅ တွင် အမျိုးသားစာပေ ၀တ္ထုရှည်ဆုနှင့် ၂၀၀၇ ခုနှစ်တွင် အမျိုးသားစာပေ တစ်သက်တာစာပေဆု တို့ကို နိုင်ငံတော်မှ ချီးမြှင့်ခဲ့သည်။

ဆရာဆင်ဖြူကျွန်းအောင်သိန်းသည် ယခုအခါ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အရှေ့ (၇) ရပ်ကွက်တွင် နေထိုင်ရင်း စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## (၁)

မဟာပထဝီမြေကြီး သိမ့်သိမ့်တုန်သွားသတည်း။

မြေတုန်ဟည်းသည့်နှယ် အောင်မြင်သော မောင်းသံကြီးသည် ရိုးပြတ်လယ်ကွင်းတစ်ခုလုံးကို ဖုံးလွှမ်းသွားလေ၏။ မြေကြီးထဲက ဖောက်၍လာသည့်နှယ်၊ မိုးယံဝမှ ပြိုဆင်းသော့နှယ် ဟိန်းထွက်လာသော မောင်းသံကြောင့် အရေးပိုင် ဒဗလျူဗျာရက်တိုးသည် မျက်မှောင်ကြုတ်လျက် ရာဇဝတ်ဝန်ဦးမောင်ကလေးအား ဘာသံလဲမောင်မင်းဟူသော အကြည့်ဖြင့် လှမ်းကြည့်သည်။

"တက်ပေး .. တက်ပေး"

"ချပေး .. ချပေး .."

ရုတ်တရက် ချုံအုပ်များ၊ လယ်ကန်သင်းအကွက်များမှ သားရဲဟိန်းဘိအလား ကြောက်မက်ဖွယ်ရာအသံများ ထွက်ပေါ်လာကာ ပြာမောင်းသောအရောင်ရှိ သူပုန်များသည် ညာသံပေးလျက် ချီတက်လာကြလေ၏။ သူပုန်များသည် ရာဇဝတ်ဝန်နှင့် အရေးပိုင်တို့၏ ထန်းတစ်ပင်ရွှာအနီးသို့ ရောက်လာစက စတင်၍ စောင့်ဆိုင်းနေကြပြီး ရန်သူအရောက်၌ ပြိုင်တူထ၍ သုံးဘက်ဝိုင်းတိုက်ကြခြင်းဖြစ်သည်။

mgyoe.com

"တက်ပေး .. တက်ပေး"

တပ်ဗိုလ်မင်း ရဲရဲအောင်ထင်၏ ခန့်ညားမာကျောသော အသံကြီးသည် ကွင်းလုံးဖုံးတော့သည်။ မောင်းသံသည် သူပုန်တို့၏သွေးကို ဆွပေးသည်သို့ရှိ၏။ အနီရောင်အောက်ခံ၏ဗဟိုတွင် အဖြူကွက်ရှိ၍ နဂါးကို ဂဠုန်သုတ်ချီနေသော သူပုန့်အောင်လံတော်ကြီးသည် လေဝယ် လွင့်ကြွားနေ၏။ ဝင်လုဆဲနေရောင်အောက်ဝယ် သူပုန်အလံသည် ရန်သူ့သွေးကို ဆာလောင်နေဘိအလား အဟုန်ပြင်းစွာဖြင့် ရှေ့သို့ ထိုးတက်လာလေ၏။

"ချပေး .. ချပေး"

ဒူးလေးမြားများသည် စစ်ပုလိပ်များကို ထိမှန်လေသည်။ ဓားရောင်၊ လှံရောင်များသည် နေခြည်၌ လျှံတောက်နေပေ၏။

"မိစ္ဆာတွေကို သတ်ပေး"

"ချပေး .. တက်ပေး"

စစ်ပုလိပ်များသည် ဝမ်းလျားမှောက် အနေအထားဖြင့် တစ်တန်း၊ ဒူးထောက်လျက်နှင့် မတ်တတ်ရပ်လျက် တစ်တန်းစီနေရာယူကာ ပြန်လည်တိုက်ခိုက်ကြလေ၏။ သေနတ်သံသည် ကွင်းကိုလျှံ၍ တောစပ်တိုင် ရိုက်ခတ်ဆူညံနေသည်။

အိပ်တန်းတက်ရန် ပျံလာသော ငှက်တစ်အုပ်သည် နောက်ကြောင်းသို့ ပြန်လှည့်သွားလေ၏။

"တက်ပေး .. တက်ပေး .."

သဲဖြင့်ဆုပ်ပက်သည်သို့ တရကြမ်းပျံဝဲလာသော ရန်သူ့ကျည်ဆန်ကို သူပုန်များသည် မည်သို့မျှ အရေးထားခြင်းမရှိဘဲ ဓားသမားများသည် လက်လှမ်းမီအောင် အတင်းပြေးတက်လာကြ၏။ လှံသမားများသည်လည်း လှံကိုကိုင်မြှောက်၍ ပြေးတက်လာကြသည်။

mgyoe.com

mgyoe.com


ပင်လယ်ထဲမှ လှိုင်းလုံးကြီးတစ်လုံး လိမ့်တက်လာဘိသို့ တဖျော ဖျောပစ်ခတ်နေသော ရိုင်ဖယ်သေနတ်များ၏ အောက်မှာ တရကြမ်း လိမ့်တက်လာသော လူလုံးကြီးကြောင့် စစ်ပုလိပ်နှင့် ပုလိပ်များမှာ ကြောက်ရွံ့လာလေ၏။

သူပုန်ဘက်၌ ဟိုမှသည်မှ တိုက်ခိုက်၍ရထားသော နှစ်လုံးပြူး သေနတ်သုံးလက်နှင့် လက်လုပ်သေနတ် လေးလက်သာပါလေ၏။ ပါပင် ပါသော်ငြားလည်း သူတို့၏ သေနတ်မှကျည်သည် ရန်သူစစ်ပုလိပ်တပ် အား မထိမှန်ပေ။

သုံးတန်းတန်း၍ နေရာယူထားသော စစ်ပုလိပ်တပ်မှာ ပုံပျက် သွား၏။

သူပုန်များ၏ လှံတစ်ချောင်းတလေသည် စစ်ပုလိပ်များကို ထိမှန် လေ၏။ မြားများသည် တသဲသဲပျံဝဲလာလေ၏။ မောင်းသံနှင့် ညာသံမှာ ကမ္ဘာပျက်သည့်အလား သဲ၍သဲ၍လာကာ နီး၍နီး၍လည်း လာလေ၏။

ဘယ်နေရာကိုပဲပစ်ပစ် စစ်ပုလိပ်တို့၏ ရိုင်ဖယ်ကျည်ဆန်သည် အလဟဿဖြစ်မသွားပေ။ ကွင်းနှင့်အပြည့်ဖြစ်နေသော သူပုန်များအား ထိမှန်သည်ချည်းပင်။ သို့ရာတွင် သေနတ်မှန်၍ အတုံးအရုံးလဲကျသူများ ကို သူပုန်တို့သည် သစ်တုံးဟု သဘောထား၏။ မသိမမြင်။ ရှေ့သို့သာ ဓားတဝင့်ဝင့်ဖြင့် ပြေးတက်လာကြသည်။

ဤရွေ့ဤမျှပစ်ခတ်၍ ထိုရွေ့ထိုမျှ သဲ၍ မဲ၍ တက်မြဲ တက်လာ သည်ကို မြင်ရသော် စစ်ပုလိပ်များမှာ နောက်သို့ဆုတ်ပြေးကြ၏။ ပြေးရန် ပြင်သူကပြင်သည်။ အရာရှိသည် အော်ဟစ်ငေါက်ငမ်းပြီး ပြန်လည် ခုခံခိုင်း၏။

"တက်ပေး .. တက်ပေး"

မင်းရဲရဲအောင်ထင်ဘွဲ့ခံ ဗိုလ်မှူးဘအေးသည် ငှက်ကြီးတောင်

mgyoe.com

mgyoe.com


ခားကို ဝင့်ကာဝင့်ကာဖြင့် အမိန့်ပေး၍ ရှေ့ဆုံးမှတက်လာရာ ကန်သင်း တစ်ခုပေါ်အရောက်၌ ရင်ဝမှ စူးခနဲဖြစ်ကာ ယိုင်ဆင်းသွား၏။ ရင်ဝမှ သွေးပွက်ကြီး အန်ထွက်လာသည်။

"ဗိုလ်မှူး .. ဗိုလ်မှူး .."

လက်ထောက်ဗိုလ်တစ်ယောက်က ပြေးလာပြီး ပွေ့၏။ ဗိုလ်မှူး မင်းရဲရဲအောင်ထင်သည် လက်ထောက်ဗိုလ်အား ဆီး၍တွန်းပစ်လိုက် သည်။ ရင်ဝဖိထား၍ ထရပ်ကာ ရှေ့သို့ပြေးတက်လာ၏။

"တက်ပေး .. တက်ပေး ..."

မင်းရဲရဲအောင်ထင်၏ အသံကြောင့် လက်ထောက်ဗိုလ်မှာ အံ့ဩ သွားသည်။ သူသည် ကြာရှည်အံ့အားသင့်နေနိုင်ခြင်းမရှိဘဲ တစ်ချက်ပြုံး လိုက်ကာ မိမိ၏တပ်စုနောက်သို့ ပြေးလိုက်သွား၏။

"ချပေး .. ချပေး .."

စစ်ပုလိပ်နှင့် လက်တစ်ကမ်းသို့ ရောက်သွားပေပြီ။

"မိစ္ဆာကောင်တွေ သတ်ဟ"

စစ်ပုလိပ်များ၏ပြန်လည်ပစ်ခတ်သံ၊ သူပုန်တို့၏ခုတ်သံ၊ ထစ်သံ အော်ဟစ်သံများသည် ထန်းတောရွာအနီး ကမ်းစပ်ဝယ်ညံနေ၏။

"သူခိုး မုဒိမ်းကောင်တွေ .. ခုတ်ဟ"

သူပုန်တို့သည် သရဲမင်းရဲစီးတော့၏။ စစ်ပုလိပ်များ၏ သေနတ် ကို လုသူကလု၊ လှံစာကျွေးသူကကျွေး၊ ဓားစာကျွေးသူကကျွေးဖြင့် လှုလှုကြီး အောင်ပွဲခံနေကြလေသည်။

ရာဇဝတ်ဝန်ဦးမောင်ကလေးသည် အရေးပိုင်နှင့်အတူ ပြေးခဲ့၏။ ထိုစဉ်တွင် သူပုန်တပ်သားသုံးယောက် လွှားခနဲရောက်လာကာ ဦးမောင် ကလေးနှင့်ဗာရက်တိုးအား ခုတ်ကြထိုးကြသည်။

သူပုန်တစ်ယောက်မှာ ဦးမောင်ကလေးက ဆီးကြိုပစ်ခတ်သဖြင့်

mgyoe.com

mgyoe.com


လက်ကိုထိမှန်ပြီး လုံလွတ်ကျသွားစဉ် အခြားတစ်ယောက်၏ ဓားဦးက ဦးမောင်ကလေး၏ အသည်းကြားကို ဝင်မွှေလိုက်လေ၏။

အရေးပိုင် ဗာရက်တိုးမှာကား သူပုန်တစ်ယောက်၏ လုံချက်ကို ရှောင်ရင်း ကမ်းစပ်ရွှံ့ထဲသို့ ကျသွားလေသည်။

"ခုတ်ဟ .. သတ်ဟ"

ဗာရက်တိုးနောက်သို့ သူပုန်သုံးယောက်က ထပ်မံမဲ၍ ပြေးလိုက်လာသည်တွင် ပုလိပ်များက တရကြမ်း ပစ်ခတ်ကာကွယ်ပေးကြသဖြင့် ရှေ့သို့မတိုးနိုင်ကြပေ။

"ဟေ့... မိအောင်သတ်၊ မျောက်စုတ်ကို အသေသတ်ဟေ့၊ တက်ပေး ... ချပေး"

အောင်မြင်စွာ အမိန့်ပေးလိုက်သော အသံကြီးကြောင့် သူပုန်ဆယ်ယောက်ခန့်သည် အပြင်းပြေးဝင်လာကြ၏။ ပုလိပ်တို့၏ ကျည်ဆန်များတွင် ခွေခနဲ ခွေခနဲ လဲကျသွားကြသော်လည်း အတင်းနင်းတက်လာကြသဖြင့် ဆာဂျင်ကြီးတစ်ယောက်နှင့် ပုလိပ်နှစ်ယောက်မှာ ကျန်ပုလိပ်များအား ကာပစ် ပစ်ပေးခိုင်းပြီး အရေးပိုင် ဗာရက်တိုးကို ဆင်းဆွဲကြရလေ၏။

"ချပေး .. ချပေး .."

"တက်ပေး .. တက်ပေး ..."

အရေးပိုင်ဗာရက်တိုးအား ကယ်သူများအနက် ပုလိပ်တစ်ယောက်မှာ သူပုန်ဓားစာမိ၍ ကျန်ခဲ့သည်။

အရေးပိုင်လွတ်သွားသော်လည်း သူပုန်များသည် ပြုံ၍ ပြေးတက်လာကြပြန်၏။ တစ်ခဲနက် အော်ဟစ်ကြွေးကြော်သံကြီးများဖြင့် သူပုန်များ ပြေးတက်လာသည်တွင် ဆုတ်ပစ်ပစ်သွားသော ကျည်ဆန်များတွင် ကားခနဲ ကျသူကျဖြင့် သူပုန်များမှာ အော်ဟစ်လျက် ကျန်ရစ်ခဲ့ကြ

mgyoe.com

mgyoe.com


လေ၏။

"ဟော့ .. သေနတ်သမားတွေ၊ သေနတ်နဲ့ပစ်ပါလား"

မင်းရဲရဲအောင်ထင်သည် ဒဏ်ရာကို လက်ဝါးဖြင့်အုပ်လျက် လဲကျနေရာက အမိန့်ပေးသည်။ သေနတ်ကိုင် တပ်သားများသည် အရေးပိုင်ကို လှမ်း၍ပစ်ခတ်ကြ၏။ သို့ရာတွင် မထိရောက်ချေ။ နှစ်လုံးပြူးနှင့် ယမ်းထိုးလက်လုပ်သေနတ်က မည်သို့မျှ ထိနိုင်စွမ်းမရှိချေ။

"လက်နက်တွေသိမ်းကြ၊ ကျဆုံးတဲ့ သွေးသောက်တွေကို သယ်ကြ"

ဗိုလ်မှူးဘအေး ခေါ် မင်းရဲရဲအောင်ထင်သည် ထရပ်၍ အမိန့်ပေးရင်း ခွေခနဲလဲကျသွားလေ၏။

"ဗိုလ်မှူး .. ရာဇဝတ်ဝန် ဦးမောင်ကလေးရဲ့အလောင်း တွေ့တယ်"

"ဟေ .. ဟုတ်လား"

ဗိုလ်မှူးဘအေးမှာ ရန်သူတို့၏အကြီးအကဲကို အသေရမိလိုက်သဖြင့် ဝမ်းသာအားရ ထရပ်လေသည်။

"အောင်ပြီ၊ ဒီတိုက်ပွဲမှာ ငါတို့အောင်တယ်၊ တပ်ပြန်ခေါက် ခေါက်"

ဗိုလ်မှူးဘအေး၏အသံသည် တိမ်ဝင်သွားကာ လူမှာလည်း အရုပ်ကြိုးပြတ် ပြိုလဲကျသွားလေ၏။

ကျွဲချိုမှုတ်သံသည် ပျံ့လွင့်လာသည်။ သူပုန်များသည် အလောင်းများကို ထမ်းသူထမ်း၊ နာသူများကို ထမ်းစင်ဖြင့်သယ်သူက သယ်ကာ တပ်ခေါက်လာကြလေသည်။ တပ်ဦးတွင်တော့ နဂါးခေါင်းကို ခြေဖြင့်နင်း၍ အမြီးကို လက်ဖြင့်ဖမ်းကုပ်ထားသော ဂဠုန်ရုပ်ပါသည့် အောင်လံနီကြီးသည် ကြွားဝင့်လူးလွင့်နေပေသည်။

mgyoe.com

mgyoe.com


တပ်၏အလယ်တွင် ဗိုလ်မှူးဘအေး၏ အလောင်းပါလာ၏။ လက်ထောက်ဗိုလ်များနှင့် တပ်သားများမှာ ဗိုလ်မှူး၏အလောင်းကို ညှိုးငယ်စွာကြည့်၍ လိုက်ပါလာကြရာက ရှေ့သို့မျှော်ကြည့်မိသောအခါ၌ ရွှင်ပြုံး၍လာကြရ၏။

ရွာသားများသည် ရွာထိပ်မှထွက်၍ သူပုန်များအား ဆေးလိပ်၊ သောက်ရေ၊ ကွမ်းသကာတို့ဖြင့် အမောပြေကြိုဆိုနေကြသည်။

"မိစ္ဆာဆယ်ကောင်နဲ့ အကြီးအကဲတစ်ယောက် သေကျန်ခဲ့တယ်ဟေ့"

တပ်သားတစ်ယောက်က တပ်ဦးမှ အားရပါးရ သတင်းပေးလိုက်သည်။ ဟေးခနဲ အော်လိုက်ကြကာ ရွာသူရွာသားများမှာ ဝမ်းသာလွန်းသဖြင့် ဆွေ့ဆွေ့ခုန်နေကြသည်။

"သာဓုကွယ် .. သာဓု .. သာဓု ..."

အသက် ၇၀ အရွယ် အဘိုးအိုတစ်ဦးက ကြေးစည်ရိုက်၍ ကောင်းမှုကုသိုလ်တစ်ခုကို အမျှဝေသော အသံကြားလိုက်ရဘိသို့ သွားမရှိတော့သော ပါးစပ်ကို အားရပါးရဖြဲလျက် ကောင်းချီးအနုမောဒနာပြုသည်။

"ဝမ်းသာလိုက်တာဟယ်၊ ငါ့ငါးပိအိုးကို သေးနဲ့ပန်းသွားတဲ့ခွေးတွေ သေတာကောင်းပါတယ်၊ ဝမ်းသာလိုက်တာဟဲ့"

မိန်းမရွယ်တစ်ဦးက အားရပါးရ ကခုန်ကျူးရင့်ပြန်လေသည်။

သူပုန်တပ်သည် ဌာနချုပ်သို့ ရုတ်တရက် မချီတက်နိုင်သေးဘဲ ရွာထိပ်တွင်တန့်နေ၏။ တစ်ဦးချင်း မိမိတို့ တိုက်ခိုက်ခဲ့ရပုံများကို ပြောပြသူများအား ဟိုတစ်စု သည်တစ်စု အစုကလေးများ ဝိုင်းဖွဲ့၍ နားထောင်ရင်း တစ်ယောက်တစ်ပေါက် မေးမြန်းကြသံဖြင့် ဆူညံနေလေ၏။

တိုက်ပွဲသို့ပါသွားသော မိမိတို့၏ လင်သားဆွေမျိုးများကို

mgyoe.com

mgyoe.com


လိုက်လံမေးမြန်းကြသူများသည် မေးမြန်းနေကြပေသည်။

"ကျော်ဖံရဲ့... ငါမေးတာများ ပြောစမ်းပါဦး၊ နင်က ဗိုလ်ဖြစ်လို့ စိတ်ကြီးဝင်နေသလား"

"ဩော် .. ဘာလဲဗျ၊ ဘာလဲ"

တပ်၏ ခါးလယ်လောက်တွင် အသက်သုံးဆယ်အရွယ် မိန်းမတစ်ယောက်က လက်ထောက်ဗိုလ်ကလေးတစ်ဦးအား ရန်တွေ့နေခြင်း ဖြစ်သည်။

"မကြားလို့ပါ အစ်မရယ်"

"ငါ့ယောက်ျား ဘယ်မှာလဲ၊ ရှေ့မှာတော့ မတွေ့ခဲ့ရဘူး၊ နောက်ပိုင်းမှာလား"

"ခင်ဗျား ယောက်ျား"

"ဘာလဲ .. တိုက်ပွဲမှာကျခဲ့သလား"

လက်ထောက်ဗိုလ်ကလေးမှာ ရုတ်တရက် အဖြေပေးရန် ဝန်လေးနေသည်။

"သေခဲ့သလား၊ သေနတ်မှန်ခဲ့သလား၊ မြန်မြန်ပြောစမ်းပါကွယ်"

"ခြေသလုံးရိုးကြေပြီး ကျိုးသွားတယ်၊ မသေတောင် ခြေတစ်ဖက်ဖြတ်ပစ်ရမယ်"

"အမယ်လေးဟယ်၊ ကျိုးတော့လည်း ငါတစ်သက်လုံး လုပ်ကျွေးမယ်ဟေ့၊ ငါ့တူမလေး နုနုထွတ်ထွတ်ကို ခွေးကျင့်ခွေးကြံ ကြံသွားတဲ့ မအေတွေကို ငါတွေကို ငါ့ယောက်ျား ကိုယ်တိုင်သတ်ခဲ့ရလို့ ဝမ်းသာတယ်၊ ခြေထောက်ကလေး ကျိုးသွားတာများ ဘာဖြစ်သေးလဲ"

ထိုသို့ပင် သားဆုံးသူများ၊ လင်သေသူ၊ ညီကျသူများ၏ အသံသည်လည်း လွှင့်ပျံ့လာ၏။

"ငါမငိုဘူးဟေ့"

mgyoe.com

mgyoe.com


"ငါတို့ကိုယ်စား လက်စားချေရင်း ငါတို့မောင်ကျခဲ့တော့ ဘာဖြစ်လဲ၊ တို့ဝမ်းမနည်းဘူး"

"အိပ်ရာထဲမှာ အိပ်နေရင်းလည်း မြွေကိုက်လို့၊ လေဖြတ်လို့ သေသေးတာပဲ၊ အခု ငါတို့ကိုနှိပ်စက်တဲ့ မိစ္ဆာတွေကို သုတ်သင်ရင်း သေတာဝမ်းသာစရာတောင် ကောင်းသေးတယ်"

ငိုချင်သူတို့၏ ပူပြင်းသောနှလုံးသားသည် မာကျောလာ၏။

ရှိုက်သံကို ကြုံးဝါးသံက လွှမ်းသည်။

အမဲ့ကို အပြုံးက အနိုင်ယူသွားသည်။

ကျွဲချိုမှုတ်သံ ပေါ်လာသောအခါတွင်ကား သူပုန်တပ်မတော်သည် ရွာမှ ထွက်ခွာလာခဲ့လေ၏။ အမှောင်ရိပ်သည် ကွင်းကို ဝါးမျိုစပြုပေပြီ။ သူပုန်တပ်ကြီးကား စခန်းသို့အရောက် ပြင်းထန်စွာ ချီတက်နေ၏။

"သွေးသောက်တို့ မြန်မြန်ချီကြဟေ့"

ဗိုလ်မှူးဘအေး ကျဆုံးပြီးနောက် တပ်ကို ဗိုလ်မှူးဘစိန်က ကွပ်ကဲ၍ တပ်ခေါက်ခဲ့ရသည်။ ဗိုလ်မှူးဘစိန်သည် ဗိုလ်မှူးဘအေးဘေး၌ ကပ်လျက်လိုက်ပါလာရင်း ဗိုလ်မှူးဘအေး၏အသက်ကို သေမင်းထံမှ လုယူနိုင်ရန် အရန်သင့်ပါလာသော သမားတော်များနှင့် အပြင်းအထန် ကြိုးစားနေခဲ့ရသောကြောင့် တပ်ကို မကြည့်မိ။ လက်ထောက်ဗိုလ်များကိုသာ လွှဲထားခဲ့သည်။ ယခု ဗိုလ်မှူးဘအေးဆုံးပြီ။ သည်အခါတွင် တပ်ကိုကွပ်ကဲရန် သတိရလာကာ လက်ထောက်ဗိုလ်များထံသို့ ခြေမြန်တော်လွှတ်၍ အမိန့်ပေးခြင်းဖြစ်သည်။

"သွေးသောက်တို့ မြန်မြန်ချီကြဟေ့"

တပ်စုတိုင်း၌ ဆော်ဩသံများ လွှမ်းသွားပေ၏။ တပ်သားတို့၏ခြေသည် စောစောကထက် သွက်လက်လာတော့သည်။ ရှေ့ဆီ၌လည်း

mgyoe.com

mgyoe.com


စခန်းမှ မီးရောင်ကို မြင်နေရပြီမဟုတ်ပါလား။

စခန်း၌ ခ–တပ်သားများသည် တိုက်ပွဲပြန် က–တပ်သားများအတွက် ထမင်းဟင်း အသင့်ချက်ပြုတ်ပြီးစီး၍ တိုက်ပွဲပြန်များအား မျှော်ငံ့နေကြသည်။ ကောင်းသတင်းကို ကြားရသောအခါ ခ–တပ်သားများသည် တစ်ချီတစ်မောင်း ကခုန်မြူးထူးကြပြန်လေ၏။

သူတို့တစ်တွေ ပျော်မြူးနေချိန်၌ ထွက်ပြေးပြီဟု သူတို့ထင်ခဲ့သော အရေးပိုင်ဗာရက်တိုးသည် နောက်တစ်ခေါက်ပြန်လာပြီး မောင်ကလေးနှင့် ပုလိပ်တို့၏အလောင်းများကို သယ်ယူသွားကြ၏။

ဗိုလ်မှူးဘစိန်သည် အလံတောင်ပေါ်သို့ နွမ်းနယ်စွာ တက်လာခဲ့သည်။ သူသည် ကင်းစခန်း အထပ်ထပ်ကို ဖြတ်ကျော်လာ၏။ ကင်းစခန်းတိုင်းမှ တိုက်ပွဲသတင်းကို ဆီးကြိုမေးကြသည်။

"ရာဇဝတ်ဝန်မောင်ကလေးနဲ့ ပုလိပ်ဆယ်ကောင် ကျကျန်ခဲ့တယ်"

ဗိုလ်မှူးဘစိန်သည် သည်မျှသာဖြေ၏။ သို့ရာတွင် သည်မျှနှင့်မပြီးသေး။

"ကျုပ်တို့ဘက်ကရော .."

ဆက်၍ မေးကြသည်ကိုကား ဗိုလ်မှူးဘစိန်သည် အဖြေပေးရန် ဝန်လေးလှ၏။

"ရှိတာပေါ့လေ"

ဟု ဆိုကာသာ တောင်ပေါ်သို့ တက်ခဲ့လေ၏။

စေတီငယ်မှ ဆည်းလည်းလှုပ်မြူးသံသည် မြစိမ်းတောင်၏ သာယာခြင်းကို ဆောင်ပေသည်။ မြူးလန်းဖွယ်ရာ လေပြည်သည် ဗိုလ်ဘစိန်အား အမောပြေစေ၏။ စေတီအနီးရှိ တန်ဆောင်းကလေးဘေးတွင်ကား ကြီးမားကျယ်ပြန့်သော တဲကနားကြီးတစ်ခုအတွင်း၌ လက်

mgyoe.com

mgyoe.com


ရင်းဗိုလ်အချို့က တစ်စုံတစ်ရာကို တိုင်ပင်ဆွေးနွေးနေကြ၏။

"ဗိုလ်ဘစိန်... ဘယ်က လာသလဲဗျ"

လက်ရင်းဗိုလ်အချင်းချင်းဖြစ်သောကြောင့် လှမ်း၍ နှုတ်ဆက်ကြသည်။

"တောင်အောက်ကပဲဗျ"

"ထန်းတပင်မှာ တိုက်ကြတယ် ကြားပါတယ်"

"ဟုတ်ပါတယ်"

"လာပါဦးဗျ၊ သတင်းကလေး ဘာကလေး ကြားပါရစေ"

ဒေးဒရဲဘက်မှ ဗိုလ်ကျော်ရှင်က လှမ်းခေါ်ရင်း သတင်းမေးသည်။

"အောင်မြင်ခဲ့ပါတယ်၊ သို့ပေမဲ့ ဆရာကြီးဆီက ပြန်မှဝင်ပါ ရစေ"

ဗိုလ်မှူးဘစိန်သည် တိုတိုဖြေပြီး တစ်ဖက်ရှိ အဆောက်အအုံငယ်ဘက်သို့ ဆက်လက်လျှောက်လာသည်။

အဆောက်အအုံတွင်း၌မူ မိန်းမငယ်တစ်ဦး အဘိုးအို၊ အဘွားအိုတစ်ဦးနှင့် သူပုန်ခေါင်းဆောင်ကြီး သုပဏ္ဏက ဂဠုန်ရာဇာတို့ တစ်စုံတစ်ရာ ပြောဆိုနေကြ၏။ အဆောက်အအုံတွင်းသို့ ဗိုလ်မှူးဘစိန် ဝင်လာသောအခါ ခေါင်းဆောင်ကြီး၏အသံကို ကြားရသည်။

"ကျုပ်ဟာ ဘုရင်လည်းမဟုတ်ဘူး၊ မိဖုရားငယ်ငယ်လေးတွေ လိုချင်လို့ သူပုန်ထတာလည်း မဟုတ်ဘူး"

ခေါင်းဆောင်ကြီးသည် စိတ်ထိခိုက်နေဟန်ရှိ၏။ အမြဲပြုံးနေကျ မျက်နှာသည် တင်းမာနေပါကလား။

"ပြန်သွားကြပါလို့ ကျုပ်တောင်းပန်ပါရစေ၊ ပြန်ကြပါတော့၊ ကလေးမကိုလည်း ပြန်ခေါ်သွားကြပါ"

အဘိုးအို၊ အဘွားအိုနှင့် မိန်းမပျိုတို့သည် အဆောက်အအုံတွင်းမှ

mgyoe.com

mgyoe.com


ကုပ်ကုပ်ကလေး ပြန်ဆင်းသွားကြလေသည်။ ဗိုလ်မှူးဘစိန်က ခေါင်းဆောင်ကြီးအား အရိုအသေပေးပြီး ဝင်ထိုင်၏။

"လူတွေက ကျုပ်ကို ဝိုင်းပြီးဖျက်ဆီးနေကြပြီ ဗိုလ်ဘစိန်"

ခေါင်းဆောင်ကြီး၏ ချိုသာနေကျအသံသည် ယခု မချိုသာပေ။ ထို့ကြောင့် ဗိုလ်ဘစိန် ဘာမျှမပြောဘဲ လက်ဖက်ရည်တစ်ခွက် ငုံ့သောက်နေ၏။ ခေါင်းဆောင်ကြီးသည် မသိမသာသက်မချ၍ တဲကနားဘက်သို့ ငေးကြည့်နေသည်။

ဗိုလ်ဘစိန်က မိမိ၏ ခေါင်းဆောင်ကြီးကိုသာ လှမ်း၍ အကဲခတ်နေ၏။ ခေါင်းဆောင်ကြီးမှာ တစ်စုံတစ်ရာ ဝမ်းနည်းဖွယ်နှင့် ကြုံရဘိသို့လည်းကောင်း၊ အဖြေမတွေ့သော ပြဿနာတစ်ရပ်ကို ကိုင်ထားရဘိသို့လည်းကောင်း နှစ်ထွေနှစ်လီသော ခံစားရချက်ဖြင့် မျက်နှာအုံ့မှိုင်းနေ၏။ ခေါင်းဆောင်ကြီးသည် အနား၌ ဗိုလ်မှူးဘစိန် ရောက်နေကြောင်း သတိထားမိသည်နှင့်တစ်ပြိုင်နက် ထင်ရှားထူထဲသော နှုတ်ခမ်းမွေးအစုံမှာ ကော့တက်၍ လှိုက်လှဲစွာ ပြုံးပြသည်။

"သူပုန်ထတာနဲ့ ရှင်ဘုရင်ရူးနဲ့ကို ခွဲခြားမသိကြတာ ခက်တယ် ဗိုလ်ဘစိန်၊ ဒီတောကြိုအုံကြားလာပြီး မိဖုရားဆက်သတဲ့ဗျာ၊ အရူးတွေ"

"ဟုတ်ကဲ့ ဆရာကြီး"

ဗိုလ်မှူးဘစိန်က အလိုက်သင့်ဆိုရင်း နေရာပြန်ထိုင်သည်။

"ကိစ္စအထူးရှိသလား"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ကနေ့ညနေ လေးနာရီလောက် အရေးပိုင်ဗာရက်တိုး၊ ရာဇဝတ်ဝန်မောင်ကလေးတို့နဲ့ တိုက်ပွဲဖြစ်ပါတယ်"

"ရာဇဝတ်ဝန်မောင်ကလေး ဟုတ်လား"

"ဟုတ်ပါတယ်၊ သူနဲ့ ပုလိပ်ဆယ်ကောင် ကျကျန်ခဲ့တယ် ဆရာကြီး"

mgyoe.com

mgyoe.com


"အင်း .. မောင်ကလေး၊ မောင်ကလေး၊ တယ်ပြီး အင်္ဂလိပ်ခွေး ပီသတာပဲ၊ ဒီကောင်နဲ့ပဲ ရေဒိုက်ရွာဘက်မှာ ဆုံခဲ့ကြဖူးပြီမဟုတ်လား"

"ဟုတ်ကဲ့၊ ရေဒိုက်ရွာကိုဝင်ပြီး စော်ကားနှိပ်စက်လို့ ဗိုလ်ဖိုးဆော့ တို့က ချလွှတ်လိုက်တဲ့ မောင်ကလေးပါပဲ ဆရာကြီး"

"ကြမ္မာငင်ပေတာကိုး"

ခေါင်းဆောင်ကြီးသည် လေးနက်စွာ မှတ်ချက်ချလိုက်ပြီးနောက် စာအုပ်တစ်အုပ်ယူ၍ တစ်စုံတစ်ရာ ရေးမှတ်နေသည်။ ပြီးလျှင် ရွှင်လန်းစွာ ပြုံး၍ပြော၏။

"ရန်သူတွေ ဒါလောက်ကျတယ်ဆိုရင် တော်တော်အောင်မြင် တယ်လို့ ခေါ်နိုင်တာပဲ"

"အရေးပိုင် ဗာရက်တိုးလည်း မြစ်ထဲလိမ့်ကျလိုကျနဲ့ ခွေးပြေး ဝက်ပြေး ပြေးပေလို့ ဆရာကြီး၊ သီသီကလေး လွတ်သွားတယ်၊ သို့သော် လည်း ..."

"ဆိုပါဦး"

"ဗိုလ်မှူးဘအေး"

"ရန်သူ ဖမ်းသွားသလား"

"ကျသွားပြီ ဆရာကြီး"

ခေါင်းဆောင်ကြီးက စိုးရိမ်စွာ မေးလိုက်သောကြောင့် ဗိုလ်မှူး ဘစိန်မှာ အသံမတုန်အောင် ထိန်းချုပ်ဖြေ၏။ သူသည် ဖြေအပြီး၌ ခေါင်းငိုက်စိုက်ချထားမိသည်။

တိတ်ဆိတ်သွားလေ၏။

ဗိုလ်မှူးဘစိန်မှာ စိတ်ထိခိုက်ဝမ်းနည်းစွာဖြင့် ခေါင်းငိုက်စိုက် ချနေသလို ခေါင်းဆောင်ကြီးမှာလည်း ငေးမောနေမိလေ၏။

အတန်ကြာလျှင် ဗိုလ်မှူးဘစိန်က ခေါင်းဆောင်ကြီးအား ဖြည်း

mgyoe.com

mgyoe.com


ညင်းစွာ မော့ကြည့်သည်။ မျက်ရည်တစ်ပေါက်နှစ်ပေါက်သည် ဗိုလ်မှူး ဘစိန်၏ပါး၌ သီးနေ၏။

"ဒါဟာ ငိုစရာမဟုတ်ဘူး ဗိုလ်ဘစိန်၊ ကျုပ်တို့ သူ့အတွက် ဂုဏ်ယူရမယ်၊ မိစ္ဆာကောင်တွေ စော်ကားနှိပ်စက်သမျှ ရမ်းကားသမျှကို ကျွဲလိုနွားလို လည်စင်းပြီး ခံနေတာနဲ့စာရင် မြန်မာပီပီ မြန်မာ့သတ္တိကို ပြရင်း သေသွားတာမမြတ်ဘူးလား"

"မြတ်ပါတယ်"

"သို့ပေမဲ့ နှမြောတော့ နှမြောမိပါတယ်၊ ရန်သူကို အစိမ်းစားချင်တဲ့ ဗိုလ်ဘအေး၊ ထက်လည်းထက်သန်တဲ့ ဗိုလ်ဘအေး၊ တက်လည်း တက်ကြွပါပေတယ်"

ခေါင်းဆောင်ကြီးသည် ဗိုလ်မှူးမင်းရဲရဲအောင်ထင်၏ ခံ့ညား သောမျက်နှာကို မြင်ယောင်လာသည်။ မင်းရဲရဲအောင်ထင်ခေါ် ဗိုလ်မှူး ဘအေးသည် အားရပါးရ မနားတမ်း ရယ်မောနေပေ၏။

ဗိုလ်မှူးဘအေး ဝဲရှာသားဖြစ်ကာ ၁၂၉၀ (၁၉၂၈) ခုနှစ်ဆီက ခေါင်းဆောင်ကြီးနှင့် ဝဲရှာတွင် စတင်သိကျွမ်းခဲ့ကြ၏။ ယင်းအချိန် မှစ၍ ဗိုလ်မှူးဘအေးသည် ကျားငစဉ်းလဲထံ၌ ငါးပါးသီလခံသော နိုင်ငံ ရေးအဖွဲ့များကို အယုံအကြည်မရှိကြောင်း ထင်ရှားစွာပြသခဲ့၏။ ခေါင်း ဆောင်ကြီးသည် ဗိုလ်မှူးဘအေးအား လေးစားခဲ့သည်။

❑

mgyoe.com

mgyoe.com

(၂)

ခေါင်းဆောင်ကြီး၏အမည်မှာ ဦးစံကျော်ဖြစ်ပေ၏။

ဓာတ်ဗိန္ဓောနည်းဖြင့် ဆေးဝါးကုသသော သမားတော်တစ်ဦးဖြစ်သောကြောင့် ဆရာစံဟူ၍လည်း ခေါ်ကြပေသည်။ ဦးစံကျော်သည် ရွှေဘိုသားဖြစ်သော်လည်း မော်လမြိုင် ဘီလူးကျွန်း၌ အခြေစိုက်ကာ ဆေးဝါးကုသခြင်း၊ ဆေးကျမ်းများပြုစုခြင်းဖြင့် အေးဆေးစွာ နေထိုင်ခဲ့ရာ ၁၂၈၆ (၁၉၂၄) ခုနှစ်တွင် နိုင်ငံရေးနယ်ထဲသို့ ဝင်လာစေသည့် အဖြစ်အပျက်တစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

နယ်ချဲ့သမားသည် ဝံသာနုတို့၏ ဦးကင်းဆရာတော် ဦးဥတ္တမကိုပါ ဖမ်းဆီးထောင်ချခြင်းဖြင့် ဆက်၍ နှိမ်လိုက်ပြန်ပေ၏။

မန္တလေးထောင်၌ ပြုမူသောကိစ္စကို ရန်ကုန်ရှိ မြန်မာအသင်းချုပ်ကြီး (ဂျီ၊ စီ၊ ဘီ၊ အေ) က ကန့်ကွက်သောအားဖြင့် ပုဒ်မ ၁၂၄–က ကိုဖီဆန်၍ စီတန်းလှည့်လည်ကြသည်။ နယ်ချဲ့သမား၏ မြင်းတပ်သည် အေးချမ်းစွာ စီတန်းလှည့်လည်လာသူများအား မြင်းနှင့်နင်း၊ တုတ်ဖြင့်ရိုက်၍ ဖိနှိပ်ပြန်လေ၏။

ထိုအချက်များသည်ပင် ဆရာဦးစံကျော်အား နိုင်ငံရေးနယ်ထဲ

mgyoe.com

mgyoe.com


သို့ ခြေစုံပစ်ဝင်စေခြင်းပင်ဖြစ်တော့သည်။ ရန်ကို ရန်ချင်း၊ လက်နက်ကို လက်နက်ချင်း တုံ့ပြန်မှသာ မိမိ၏တိုင်းပြည်နှင့်လူမျိုးသည် သူ့ကျွန် သပေါက်ဘဝမှ လွတ်မည်။ ရန်ကိုရန်ဖြင့် တုံ့ပြန်ရန် အင်အားလို သည်။ ထိုလိုအပ်သော အင်အားကို မိမိနေထိုင်ကျက်စားရာ ကမာမို ရွာကလေး တွင် စုဆောင်း၍မရ။ ဘီလူးကျွန်းနှင့် မော်လမြိုင်မျှနှင့် တုံ့ပြန်၍မရ။ နယ်အနှံ့ မြို့ရွာအနှံ့ တစ်ပြိုင်နက် ထချနိုင်အောင် စုလုံးစည်းရုံးနိုင်ရာ အရပ်ကား တစ်ပြည်လုံး စုဝေးပေါင်းဆုံရာ မြန်မာအသင်းချုပ်ကြီး သာလျှင်ဖြစ်သည်ဟု ဦးစံကျော် သဘောပေါက်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းချုပ်ကြီးသို့ ခြေစုံပစ်၍ဝင်ခဲ့၏။

ဦးစံကျော်သည် ကမာမိုရွာ၌ မြန်မာအသင်းချုပ်ကြီး၏ အဖွဲ့ခွဲ ကလေးကို တည်ထောင်သည်။ မဖြစ်မနေ အကောင်အထည်ဖော်ခဲ့ သည်။ တက်ကြွသော အသင်းသားတစ်ယောက်ဖြစ်သောကြောင့် မကြာမီ ကျေးရွာဥက္ကဋ္ဌဖြစ်လာလေ၏။

ထိုမှတစ်ဆင့်တက်၍ ဆရာဦးစံကျော်သည် ဘီလူးကျွန်းတိုက် နယ်၌လည်း ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရပြန်သည်။ သူ့လို ကြီးမား သော မှန်းထားချက်နှင့် လူတစ်ယောက်အဖို့ နေ့နှင့်ညသည် မကွဲတော့ ပေ။

အသင်းအဖွဲ့ဆိုင်ရာ စာရွက်စာတမ်းများက တစ်ဖက်၊ ဆေး အိတ်ကတစ်ဖက်ဖြင့် အသင်းကိစ္စ နိုင်ငံရေးရာများကို ဆောင်ရွက်သည်။ ရောက်ရာနေရာ၌ အိပ်၍ ကြုံရာနေရာမှာ စားသည်။ တွေ့သမျှလူနာကို ဆေးဝါးကုသပေး၏။

တစ်ဖက်တွင် ဆရာဦးစံကျော်၏ အိမ်ထောင်ရေးမှာ စိုပြည်မှု လျော့ပါးလာခဲ့လေ၏။ သို့သော်လည်း ဆရာဦးစံကျော်သည် ဇနီးသည် ၏ ချမ်းသာပျော်ရွှင်မှုကို မဖြည့်စွမ်းခဲ့ပေ။

mgyoe.com

mgyoe.com


"မင်းတစ်ယောက် အရေးထက် တစ်ပြည်လုံးအရေးကို ဦးစားပေးနေရတယ် မကော"

ဦးစံကျော်၏အဖြေကား ဤသို့သာတည်း။ သူသည် မကြာမီ မော်လမြိုင် ဒိစတြိတ်လုံးဆိုင်ရာ မြန်အသင်းအဖွဲ့ခွဲ၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရပြန်သည်။ ထိုအချိန်အထိ နိုင်ငံလုံးဆိုင်ရာ မြန်မာ အသင်းချုပ်ကြီး၏ သမ္မတ (ဥက္ကဋ္ဌ) မှာ ဦးချစ်လှိုင်ဖြစ်ပေ၏။

၁၂၈၇ (၁၉၂၅) ခုနှစ်တွင် ရွှေဘိုမြို့၌ကျင်းပသော ၁၂ ကြိမ် မြောက် ကွန်ဖရင့် (နှစ်ပတ်လည်ညီလာခံ) သို့ ဆရာဦးစံကျော်သည် ဒိစတြိတ် (ခရိုင်) ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်၍ တက်ရောက် လာသည်။

ကွန်ဖရင့်သည် ညီညွတ်ခြင်း၊ အောင်မြင်ခြင်း၊ မျှော်လင့်ခြင်း တို့ဖြင့် စတင်ရမည့်အစား ကွဲသံအက်သံဖြင့် စတင်ပါလေတော့၏။ ထိုကွန်ဖရင့်မှ သမ္မတ (ဥက္ကဋ္ဌ) ဟောင်းနှင့် အဖော်များက ထွက်ခွာသွား သည်တွင် ဦးစိုးသိမ်း သမ္မတဖြစ်၍ ဦးစံကျော်မှာ အသင်းချုပ်လူကြီး (အမှုဆောင်) ဖြစ်လာလေသည်။

ထိုအချိန်အထိ ဆရာဦးစံကျော်သည် မြန်မာအသင်းချုပ်ကြီး (ဂျီ၊ စီ၊ ဘီ၊ အေ) ကို စည်းရုံးလှုံ့ဆော်၍ နယ်ချဲ့သမားအား တညီတညွတ် တည်း အကြမ်းနည်းဖြင့် တော်လှန်ပုန်ကန်ရန်ကို မျှော်လင့်အားခဲနေ သေးသည်။ သူ၏ သွေးများသည်လည်း နာရီမခြား မိနစ်မလပ် ပူလောင် ထကြွနေပေပြီ။ အင်္ဂလိပ်အစိုးရအား မတော်လှန်မပုန်ကန်ဘဲနေလျှင် ကြီးစွာသော ပြစ်မှုကြီးဖြစ်လာတော့မည်ဟူ၍လည်း ထင်မှတ်ထား၏။

အဘယ့်ကြောင့်ဆိုသော် ဆယ့်တစ်ကြိမ်မြောက် ပေါင်းတည် ကွန်ဖရင့်မှ ပေးအပ်သောတာဝန်အရ အနယ်နယ်သို့ ရောက်ခဲ့ရသော မြင်ကွင်းများသည် ဆရာဦးစံကျော်၏မျက်စိထဲမှ မထွက်သောကြောင့်

mgyoe.com

mgyoe.com


တည်း။

အင်္ဂလိပ်အစိုးရ၏ ပုလိပ်တို့ စစ်ဖိနပ်ဖြင့်ကန်၍ မျက်နှာတော်ပွဲရွဲ့နေသော ရုပ်ပွားတော်များ၊ အင်္ဂလိပ်အစိုးရ၏ပုလိပ်တို့ အိမ်ပါမကျန် သိမ်းယူသွားသဖြင့် ငတ်နေသော တောသားများ အင်္ဂလိပ်အစိုးရ၏ ပုလိပ်တို့ နှိပ်စက်စော်ကားသဖြင့် လူရုပ်ပျက်နေသော ကျေးရွာသူများ။

ထိုအနိဋ္ဌာရုံများနှင့် အနိဋ္ဌာရုံကောင်တို့ အော်ဟစ်နေသော အမင်္ဂလာသံများက ဆရာဦးစံကျော်အား အချိန်ရှိသရွေ့ လှုံ့ဆော်နေလေသည်။

"ကျုပ်တို့အတွက် လက်စားချေပေးပါ ဆရာစံ၊ ကျုပ်တို့မှာ အားကိုးစရာမရှိပါဘူး ဆရာစံ၊ ကျုပ်တို့ကို ကယ်မပါဆရာစံ"

ဆရာဦးစံကျော်သည် အင်္ဂါရတ်ပညာဆိုင်ရာ ဝိဇ္ဇာသိပ္ပံ အင်္ဂုတ္တရကျမ်းနှင့် လက္ခဏာဗေဒ ဆေးကျမ်းတို့ကို ပြုစုပြီးနောက် ဆေးကျမ်းတစ်ဖွဲ့ နောက်ထပ်ပြုစုရန် ရည်ရွယ်ရင်းရှိခဲ့သည်။ အားလပ်၍ သတိရ၍ ထိုဆေးကျမ်းပြုစုရန် ဟန်ပြင်လိုက်လျှင် "ကျုပ်တို့ကိုပစ်မထားပါနဲ့ ဆရာစံ၊ ကျုပ်တို့မှာ ပြေးစရာရော ပေးစရာရောမရှိပါဘူး ဆရာစံ" ဟူသော အသံများက တစ်ခဲနက် ထွက်ပေါ်လာပြန်သဖြင့် ဆေးကျမ်းပြုစုရေးကို လက်လျှော့လိုက်ရ၏။

ထို့ကြောင့် ဆရာဦးစံကျော်၏ခေါင်းထက်၌ ကြီးစွာသော ဝန်ထုပ်ဝန်ပိုးကြီးသည် တစ်နေ့တခြား လေးလံလာ၏။

ထိုဝန်ထုပ်ကြီးကို ပစ်ချလိုက်ရန်မှာ မလွယ်။ ထိုဝန်ထုပ်ကြီးကို ဖယ်ရှင်းရန်မှာ သေးကွေးသော အလုပ်မဟုတ်။ တစ်ပြည်လုံးချီ၍ လုပ်ရမည့် အလုပ်ဖြစ်သည်။

သို့ရာတွင် ဆရာဦးစံကျော် အမှုဆောင်အဖြစ် ရောက်ရှိလုပ်ကိုင်နေရသော မြန်မာအသင်းချုပ်ကြီးအတွင်း၌ကား "အေးချမ်းစွာ စီတန်း

mgyoe.com

mgyoe.com


လမ်းလျှောက်နေတာကို ပြည်ပိုင်အစိုးရမင်းတို့က မကြိုက်လို့ သေနတ်နဲ့ ပစ်ရင်၊ စီတန်းလမ်းမလျှောက်နဲ့ပေါ့" ဟူသော ဝါဒသမားများ လွှမ်းမိုးနေပေ၏။

တစ်ဖန် ထိုတန်ဖိုးမဲ့ မေတ္တာဝါဒသမားများနှင့် ဆန့်ကျင်၍လည်း လက်နက်ဖြင့်ရောက်လာသော လက်နက်အားကိုး စားပြဆိုး အင်္ဂလိပ်ကို လက်နက်ဖြင့် မောင်းထုတ်ရမည်ဟူ၍ ယုံကြည်သူများလည်း ရှိပြန်သေးသဖြင့် ဆရာဦးစံကျော် အားတက်ရသေး၏။ အားတက်ပင် တက်ရလင့်ကစား ဦးချစ်လှိုင်တို့က အညမညသမ္ဗန္ဓအဖွဲ့အမည်ဖြင့် မြန်မာအသင်းချုပ်ကြီးကို ခွဲထွက်သွားပြီးသဖြင့် နောက်တစ်ကြိမ် ကွဲပြဲရမည်ကိုလည်း ကြောက်ရွံ့လှသည်။

ထို့ကြောင့် အရင့်သမားရော၊ အပျော့သမားများပါ လက်ခံနိုင်လောက်သည့် အလယ်အလတ် အဆိုတစ်ခုကို ဆရာဦးစံကျော်က သွေးတိုးစမ်းသည့်သဘောဖြင့် တင်လိုက်လေ၏။

"မြန်မာပြည်သူပြည်သားတို့၏ ဆန္ဒနှင့်ဆန့်ကျင်၍ လုပ်ဆောင်ပါက အခွန်မပေးရေးနှင့် အာဏာဖီဆန်ရေးကို စတင်၍လုပ်ဆောင်မည်။ ထို့အပြင် အခွန်မပေးရေးနှင့် အာဏာဖီဆန်ရေးများ ပြုလုပ်ခဲ့သော် အောင်မြင်အောင် ကွပ်ကဲမည့် နိုင်ငံတာဝန်ထမ်းအဖွဲ့ (ခါးပိုက်ဆောင် တပ်ဖွဲ့) ဖွဲ့စည်းရန်"

ထိုအဆိုဖြင့် သွေးတိုးစမ်းသောနေရာမှာ ၁၂၉၁ (၁၉၂၉) တွင် ကျင်းပသော တောင်ငူကွန်ဖရင့်ဖြစ်လေသည်။ ဦးစံကျော်သည် အဆို အောင်မြင်မှ အောင်မြင်ပါ့မလားဟု တထိတ်ထိတ်ဖြစ်နေခဲ့ရ၏။ ကိုယ်စားလှယ်တော်ကြီးများကို လှမ်း၍ စိုးရိမ်စွာအကဲခတ်ရ၏။

အဆိုမှာ သွေးတိုးစမ်းရုံမျှပင်ဖြစ်သော်လည်း ထောက်ခံချက်၊ ကန့်ကွက်ချက်တို့မှာ ပြင်းထန်လှ၏။ သဲသဲမဲမဲ ကန့်ကွက်ကြ၏။

mgyoe.com

mgyoe.com


အကြိတ်အနယ်လည်း ထောက်ခံကြပေ၏။

နောက်ဆုံး အဆိုအတည်ပြုအနိုင်ရသောအခါ၌ ဆရာဦးစံကျော်မှာ မပြုံးရယ်နိုင်ဘဲ ရင်ဘတ်ကို စုံထုမိလျက်သားဖြစ်သွားတော့သည်။

"ဒါဟာ ပြည်ပိုင်အစိုးရမင်းများအား ပုန်ကန်ဖို့ တိုက်တွန်းတာနဲ့ အတူတူပဲ၊ သပိတ်မှောက်တယ်ဟေ့"

"ပုန်ကန်ရမှာကြောက်ရင် နင်တို့အမေကို အင်္ဂလိပ်တွေဖို့ သွားပေးကြဟေ့"

ဆရာဦးစံကျော်သည် တည်းခိုရာနေရာသို့ ခေါင်းငိုက်စိုက်ချ၍ ပြန်လာခဲ့ရသည်။ သူ၏မျှော်မှန်းချက်ကြီး အက်ပြိုကျလေပြီ မဟုတ်လား။

"မဖြစ်ဘူး .. မဖြစ်ဘူး"

ဆရာဦးစံကျော်မှာ စိတ်ပျက်စွာ ညည်းညူရေရွတ်လိုက်သည့်ခဏ၌ အသံနက်ကြီးများသည် ဟိုနေရာ သည်နေရာ၊ ဟိုထောင့် သည်ထောင့်မှ ပြိုင်တူထွက်ပေါ်လာလေ၏။

'လူခွန်တော် သဿမေဓအခွန် စသည်များကို အစိုးရစစ်တပ်ဖြင့် အဓမ္မညှဉ်းဆဲနှိပ်စက် ကောက်ခံခြင်းကိစ္စ စုံစမ်းရေးကော်မရှင်' ဥက္ကဋ္ဌအဖြစ်ဖြင့် ဆရာဦးစံကျော် လိုက်နာမှတ်သားခဲ့ရသော အမှုတွဲပေါင်းခုနစ်ရာကျော်၊ ထိုအမှုတွဲများထဲမှ အဖြစ်အပျက်များသည် ဆရာဦးစံကျော်အား ရင်နာစေ၏။ အသံအက်စေ၏။

ကသာနယ်၊ ရွှေဘို၊ မုံရွာဘက်သို့ ဆရာဦးစံကျော်အဖွဲ့ ရောက်သွားစဉ်က ဦးစွာဝင်ခဲ့သော ရွာတစ်ရွာ၌ ဦးစံကျော်တို့အဖွဲ့သားများ ထမင်းငတ်ခဲ့သည်။ ထမင်းလောက်တော့ ရွာကကျွေးနိုင်မည်ယူဆ၍ ဘာမှပြီးငြိမ်းအောင် မစီမံနိုင်ခဲ့။ မပြင်ဆင်ခဲ့မိသဖြင့် ထမင်းငတ်ခဲ့ရ၏။ ထိုရွာများ၌ ကြွေးများ ရှာစားနေရ၏။

mgyoe.com

mgyoe.com


မျောက်ဥ၊ ကြွေဥ၊ လက်ပံဥများကိုသာ တူးဖော်စားသောက်နေရသူများကို သဿမေဓ မပေးနိုင်ကောင်းလားဟု ရိုက်နှက်ညှဉ်းဆဲသွားသော ဒဏ်ရာများကို ဆရာဦးစံကျော်က ဆေးထည့်ပေးခဲ့ရသေးသည်။ နောက်ရွာများတွင်မူ ဆရာဦးစံကျော်တို့သည် ထမင်းရနိုင်သောဌာနမှ ထမင်းစားခဲ့ပြီးမှ ဝင်သည်။ သို့မဟုတ် ထမင်းထုပ်ကိုယ်စီဖြင့် သွားခဲ့ကြရသည်။

မိမိဇာတိ သရက်ကုန်းရွာသို့ရောက်သည်တွင် ဆရာဦးစံကျော်မှာ မျက်ရည်ဖြိုင်ဖြိုင်ကျရလေ၏။ ရွာထဲသို့ ဆရာဦးစံကျော်တို့၏ စုံစမ်းရေးကော်မရှင်မရောက်မီ ဆယ်မိနစ်ခန့်က စစ်ဗိုလ်များ ရွာထဲမှ ထွက်ခွာသွားခဲ့ကြ၏။

ငိုသံများ တစ်ရွာလုံး ဖုံးနေသည်။

ရွာခေါင်းအိမ်ရှေ့ပြင်တွင် သွေးပွက်ပွက်အန်၍ လဲနေသူများ၊ စစ်ဖိနပ်ဖြင့် အဆောင့်ခံရ၍ နံရိုးကျိုးသူများ၊ ရိုင်ဖယ်ဖြင့် အရိုက်ခံရ၍ ခေါင်းကွဲနေသူများ၊ မျက်နှာစုတ်သူ၊ ပါးရွဲ့သူဖြင့် ရှုမြင်မကောင်းပေ။

ထိုမြင်မကောင်းသော ရှုခင်းထက်ပို၍ ဆိုးဝါးသော၊ ယုတ်မာသော ဖြစ်ရပ်တစ်ခုကိုလည်း ဆက်၍တွေ့ရ၏။

"အမယ်လေး၊ ကျုပ်သမီးလေးဖြစ်ပုံ မမြင်ဝံ့ပါကလားတော့"

ရွာခေါင်းအိမ်နှင့် ကပ်နေသော အိမ်တစ်အိမ်မှ မိန်းမတစ်ယောက်သည် အိမ်ပြင်သို့ ပြေးထွက်လာကာ မိမိ၏ရင်ဘတ်ကို တအုံးအုံးထု၏။ ပါးစပ်မှလည်း အော်၍ငို၏။ မြေဦလူးသည်။ သစ်ပင်နှင့် ပြေးဆောင့်သည်။ တစ်ရွာလုံးမှာ ဒုက္ခပင်လယ်ဝေနေသဖြင့် မည်သူမျှ ဝိုင်းမဆွဲနိုင်ကြမိ။ ဆံပင်ဖားလျားဝေနေသော အမျိုးသမီးကြီးသည် ဓားမတစ်ချောင်းဖြင့် မိမိရင်ကိုခွဲကာ ဇာတ်သိမ်းသွားလေ၏။

စုံစမ်းရေးအဖွဲ့သားများသည် ထိုအမျိုးသမီးကြီး၏ အမိုးကင်း

mgyoe.com

mgyoe.com


မဲ့နေသည့်ပြင် အိုးခွက်ပန်းကန်များလည်း ပြောင်တလင်းခါနေသော အိမ်ကလေးပေါ်သို့ ပြေးတက်သွားကြသည်။

'ဟယ်' ခနဲ အော်ကာ အားလုံးသည် မျက်နှာလွှဲထားမိကြ၏။ အခွင့်မပေးနိုင်သော မိန်းမကြီး၏ ဆယ်နှစ်အရွယ် သမီးငယ်ကို မသေမချင်း မုဒိမ်းကျင့်၍ သတ်သွားကြသည်တကား။

ဆရာဦးစံကျော်သည် မျက်ရည်မဆည်နိုင်ဘဲ အိမ်ငယ်ထက်မှ ဆင်းခဲ့လေ၏။ သူသည် အံကိုကြိတ်ထားမိလေ၏။

ထိုမှတစ်ဖန် ဆရာဦးစံကျော် ခေါင်းဆောင်သော စုံစမ်းရေးအဖွဲ့သည် ပြည်နှင့်သရက်၊ အင်းစိန်နယ်ဘက်သို့ ရောက်ခဲ့ကြပြန်သည်။ ရောက်လေရာ ရွာတိုင်း၌ မြန်မာ့မြေပေါ်မှ တိုင်းရင်းသားများ တဖြည်းဖြည်း ပြုန်းတီးပျောက်ကွယ်သွားအောင် တမင်ပြုလုပ်ပစ်သော လက်ရာများကိုသာ တွေ့ရ၏။

သရက်နယ်ဘက်၌ ချင်းသော မြန်မာသော မကျန်၊ ရွာလုံး ကျွတ်ရိုက်နှက်နှိပ်စက်သည်။ အိမ်မိုးကို ဖျက်ယူသည်။ ငါးပိအိုး၊ ဆားအိုးပါ မချန်ခဲ့။

"ဝေ့ သသသမေဝေးလို့၊ တို့စားစရာတောင် မရှိပါကလား၊ မြက်စဉ်းတဲ့ ဓားတောင် ယူသွားတယ် ဆရာစံကျော်ရ"

ချင်းအဘိုးအိုတစ်ဦးသည် မျက်ရည်လည်ရွဲဖြင့် ဆီးကြိုတိုင်တန်းရင်း စုတ်ပြတ်နေသော ကျောပြင်ကို လှန်ပြ၏။

ချင်းအမျိုးသားသည် မိမိတို့ တိုင်းရင်းသားလည်းဖြစ်၊ မြန်မာအသင်းချုပ်ကြီး၏ စုံစမ်းရေးအဖွဲ့သားများလည်းဖြစ်သော ဆရာဦးစံကျော်တို့ကို အားကိုးအားထားပြု၍ တိုင်တည်ကြလေသည်။ တကယ်တော့ ဆရာဦးစံကျော်တို့သည် ဖိုင်တွဲများ တစ်ခုပြီးတစ်ခု အသစ်ဖွင့်ရုံမှအပ ဘာမျှမတတ်နိုင်ကြ။ ဆရာဦးစံကျော်၏ ဆေးအိတ်ထဲမှ ဆေး

mgyoe.com

mgyoe.com


များသည် တစ်လက်ပြီးတစ်လက် ကုန်သွားတော့သည်။

"ဆရာဦးစံကျော်ရေ့၊ ငါတို့မြေပေါ်မှာ ငါတို့နေတာကိုလည်း အခွန်ကောက်သေးသဟ၊ မပေးနိုင်တော့လည်း နှိပ်စက်တယ်ဗျာ၊ ကျုပ်တို့ ဘာလုပ်ရမလဲ"

"သူပုန်ထ"

ဆရာဦးစံကျော်သည် လွှတ်ခနဲ ပြောလိုက်ပြီးမှ စကားကို ပြန်ဖျက်ခဲ့ရသည်။

"သူပုန်ထရင်လည်း မညီညွတ်ရင် သေကုန်မှာပဲ၊ လက်နက်လည်း မရှိနဲ့၊ အေးလေ .. ကျုပ်တို့ အသင်းချုပ်ကြီးကို အစီရင်ခံပေးပါ့မယ်"

အင်းစိန်နယ်ဘက်တွင်မူ ရိုးသားသော ကရင်အမျိုးသားများသည် အင်္ဂလိပ်အစိုးရ၏ စစ်သားများအား ဓားဖြင့်ခုတ်ကြသည်။ သဿမေဓ မပေးနိုင်သဖြင့် ကောက်ရိုးပုံကိုယူ၏။ လှည်းနွားကိုယူ၏။ အိမ်တွင်းရှိသမျှယူ၏။ သို့သော် ထိုပစ္စည်းများကို အဖိုးနှုန်းဖြတ်၍ သဿမေဓ အခွန်ငွေနှင့် ချေ၍ယူခြင်းကား မဟုတ်။ မြန်မာမရွေး၊ ကရင်မရှောင် အကုန်လုံးကို နှိပ်စက်ခြင်းသာဖြစ်၏။

ယူနိုင်သလောက် ပစ္စည်းကိုယူခြင်းကိုမူ ရိုးသားသော ကရင်အမျိုးသားများ သည်းခံနိုင်သေး၏။ သူတောင်းသောငွေကို ကိုယ်က မပေးနိုင်ဘဲကိုး။

သို့သော် တစ်နှစ်စာစားရန် လှောင်ထားသော ငါးပိအိုးကို ယူလည်းမယူ၊ သိမ်းလည်းမသိမ်းဘဲ အဖုံးဖွင့်ပြီး သေးဖြင့်ပန်းသောကာလ၌ ကရင်ကြီးများသည် ဓားဖြင့် ထခုတ်ကြလေတော့၏။

"ဗုဒ္ဓဘာသာကရင်နဲ့ မြန်မာကိုသာ ဗြိတိသျှအစိုးရက နှိပ်စက်တယ်လို့ ကျုပ်တို့ထင်နေတာ၊ အခုတော့ ဆရာစံကျော်ရေ့ .. ကျုပ်တို့

mgyoe.com

mgyoe.com


ခရစ်ယာန်ကရင်တွေလည်း ဗြိတိသျှအစိုးရနှိပ်စက်လို့ တောင်ပေါ်တက်ပြေးရတော့မယ်”

ဆရာဦးစံကျော်သည် ဘာမျှမလုပ်နိုင်ဘဲ ရေးမှတ်ကာသာ ပြန်ခဲ့ရ၏။ ဘာမျှမလုပ်နိုင်ဘဲ ရေးမှတ်ကာ ယူခဲ့ရသောကြောင့် သူ့နှလုံးသွေးသည် ပွက်ပွက်ထနေခဲ့ရလေ၏။

ဆရာဦးစံကျော်မှာ ညဥ့်တိုင်လျှင် အိပ်၍မပျော်။ ကသာမှ အင်းစိန်အထိဖြစ်သော နယ်မြေအတွင်းမှ မိစ္ဆာအစိုးရတပ်သားများ နှိပ်စက်သွားသည့် ကျေးရွာသူ ရွာသားများကိုချည်း မြင်နေ၏။ စားပြန်တော့လည်း ရင်မှာဆို့နေချေသည်။

ဟသ်ာတနှင့် ဒေးဒရဲ၊ ဖျာပုံဘက်သို့ ဆရာဦးစံကျော်၏ စုံစမ်းရေးအဖွဲ့ ခရီးဆက်ခဲ့ပြန်၏။

ကျေးရွာများမှာ သာယာမှုကင်းမဲ့နေသည်။ လူတို့မည်သည်မှာ ဆင်းရဲလည်း ဆင်းရဲသည့်အလျောက်၊ ချမ်းသာလျှင်လည်း ချမ်းသာသည့်အလျောက် ကိုယ့်အတိုင်းအတာ၊ ကိုယ့်အထွာဖြင့် ပျော်ရွှင်မှုဟူသည် ရှိကြစမြဲတည်း။ ဆရာဦးစံကျော်တို့ ဝင်ရောက်စုံစမ်းခဲ့ရသောရွာများမှာ ကလေးရှိလျက်နှင့် ဆူဆူညံညံမကြားရ။ ကာလသားများရှိလျက် ရယ်မောသံများ မကြားရပေ။

ကျေးရွာသားတို့၏ လက်ထဲ၌ စပါးသာလျှင်ရှိသည်။ စပါးဈေးမှာ ငါးမူးနှင့် တစ်ပဲ (ကိုးပဲ) သာသာမျှသာရှိ၏။

စပါးဈေးနည်းလှသည်ဟုဆိုကာ တက်ဈေးကိုစောင့်ပြီး မရောင်းဘဲ တောင့်ခံနေကြသည်။ မြန်မာပြည်၏စပါးဈေးကို မှောက်လှန်သွန်ကြဲနေသူများမှာ အင်္ဂလိပ်ကုန်သည်ကြီးများဖြစ်၏။ သူတို့သည် ဘူလင်ဂျာပူးအမည်ဖြင့် စပါးဈေးကို ချုပ်ကိုင်ထားကြသည်။ သူတို့က စပါးဈေးကို ခြောက်ဆယ်သို့ ကန်ချလိုက်ပြီးနောက် မတန်တဆဈေးဖြင့် စပါးများ

mgyoe.com

mgyoe.com


ဝယ်ယူရရှိချေသေးရဲ့ဟု မျှော်မှန်းခဲ့ကြသည်။

လယ်သမားတို့ကား ချွေးနှင့် သွေးနှင့် ဖော်စပ်ထားရသော စပါးစေ့များကို မတန်တဆ နည်းပါးသောဈေးဖြင့် မရောင်းချင်ကြပေ။ အိမ်၌ စားစရာမရှိတော့သည့်တိုင်အောင်၊ ကောက်စိုက်ပျိုးနုတ် စရိတ်ပူလှပြီဖြစ်သည့်တိုင်အောင် စပါးတက်ဈေးကို အောင့်အည်းစောင့်ဆိုင်း နေကြလေ၏ ။

ထို့ကြောင့် ဘူလင်ဂျာပူးတွင် စပါးခန့်မှန်းသလောက် မရရှိတော့ပေ။

သာမန်အားဖြင့်ဆိုလျှင် မြေခွန်တော် ပေးဆောင်ချိန်သည် လည်းကောင်း၊ သဿမေဓအခွန် ပေးဆောင်ချိန်သည်လည်းကောင်း၊ နှစ်လသုံးလမျှ လိုသေးသည်။ သို့ရာတွင် သူကြီးအိမ်မှ ကျက်သရေမဲ့သောမောင်းသံသည် ခါတိုင်းထက် နှစ်လစော၍ ထွက်ပေါ်လာကာ လူခွန်တောင်းခံလေတော့၏။ မြေခွန်ကလည်း တစ်ပြိုင်နက် လာလေပြန်သောကြောင့် မြေရှင်ချစ်တီးများသည် လယ်သမား၏ကုပ်ကို ကိုင်ညှစ်လာလေ၏။ ကြွေးကို အတင်းတောင်း၍ စပါးကို အတင်းသိမ်းလေ၏။

ချစ်တီးချန်ထားခဲ့သော စပါးကို ခြောက်ဆယ်ဈေးဖြင့် ရောင်းလိုက်ရလျှင် မိုးမကျမီငတ်မည်။ သို့သော် ကြောက်တတ်သူတို့က ရောင်းချ၍ လူတစ်ကိုယ် နှစ်ကျပ်ခွဲနှုန်းဖြင့် အခွန်ဆောင်လိုက်ကြ၏။

ခေါင်းမာသူတို့မှာ သူကြီးခေါ်၍ ကြိမ်းမောင်းမှ ခြောက်ဆယ်ဈေးဖြင့် ရောင်းချပြီး အခွန်ဆောင်လိုက်ကြသည်။

သို့သော် ခေါင်းမာသူများကား မကုန်စင်သေးပေ။ ထိုသူများကား သဿမေဓအခွန် ပေးဆောင်စရာ လုံးဝမရှိပေ။ စားစရာလည်းမရှိသူများတည်း။

သူတို့၏ တစ်နှစ်လုပ်စာကို မြေရှင်က အကုန်ယူသွားသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် စားစရာမရှိ၊ စားစရာမရှိအောင် ပေးလိုက်ရသည့်တိုင်အောင် ကြွေးကား လည်ပင်းထိ နစ်နေမြဲပင်။

လူခွန်တော်လာပြီဟေ့ဆိုလျှင် ချစ်တီးနှင့် ချစ်တီး၏လက်ဝေခံ မြေရှင်တို့ ပြုံးကုန်၏။ သူတို့သည် စားစရာပင် မကျန်တော့သော၊ ကြွေး လည်ပင်းထိနေမြဲ ထိနေသော မိမိတို့၏ မြီစားများအတွက် တိုးဆင့်ပြင်ဆင်ထားသည့် စည်းကမ်းများဖြင့် စောင့်ကြိုလင့်သည်။

သူကြီးကခေါ်ဆဲ၊ မြို့ပိုင်က ခေါ်ကြိမ်းမောင်းပြီးနောက် လက်ဝါးနှင့် မြက်ခုတ်ဓားသာလျှင်ရှိသော လယ်သမားသည် ဆက်သွယ်ရင်းစွဲ မြီရှင်ထံသို့ ပြေးလာ၏။ မြီရှင်က ဥပဒေသစ်ကြီးကို ထုတ်ပြသဖြင့် ကျောကော့၍ ပြန်ပြေးလာသောအခါ သဿမေဓတောင်းသော သူတို့နှင့် ရင်ဆိုင်တိုးကာ စစ်ဖိနပ်ဖြင့် အကန်ခံရ၊ နွားရိုက်သောကြိမ်ဖြင့် အရိုက်ခံရသောဒုက္ခခံရနှင့် တိုးလေ၏။ ရှေ့တိုးသော် မြီရှင်၊ နောက်ဆုတ်သော် စစ်ဖိနပ်။

နောက်တစ်မျိုးကား သောင်ပြင်လွတ်သော ခွေးများတည်း။

သောင်ပြင်လွတ်သောခွေးသည် ပြေးစရာမြေမရှိ၊ ပတ်လည်ရေဝိုင်းနေ၏။ ထိုခွေးနှင့် ဘာမျှမခြားသော လယ်သမားများကား အချို့လှည်းနွားအသိမ်းခံရ၏။ အချို့ကောက်ရိုးပုံပါ အသိမ်းခံရ၍ အချို့ကား အိမ်ပါအသိမ်းခံရ၏။ သို့ပေသည့်လည်း မြီရှင်သည် ထိုသောင်ပြင်ထဲက ခွေးများကို မကျေနပ်သဖြင့် နောက်ထပ် တစ်ပြားတစ်ချပ်မျှ မချေးမငှားတော့ပေ။

ထိုသောင်ပြင်လွတ်သော ခွေးများအတွက်ကား မြို့ပိုင်နှင့် ရွာသို့ဆင်းလာချိန်တွင် 'အသေသတ်သွားပါတော့ဘုရား' ဟု လည်စင်းပေးကြရတော့သည်။ သတ်သွားလျှင် ဒုက္ခငြိမ်းသည်။ ထောင်ချလျှင် ထမင်းနပ်မှန်စားရမည်။

mgyoe.com

mgyoe.com


ဆရာဦးစံကျော်သည် ပုလိပ်တို့နှိပ်စက်၍ ဒဏ်ရာရကျန်ခဲ့သူများကို ဆေးပေးကုသပြီးနောက် မကောင်းသည့်နလုံး ခွေနုံးသည့်ကိုယ်ဖြင့် လယ်သမားတို့၏ အသူရကာယ်ဘုံမှ သာယာဝတီ သို့မဟုတ် လယ်သမားတို့၏ အဝိစိသို့ ခြေဦးလှည့်ခဲ့ပြန်လေ၏။

❑

mgyoe.com

mgyoe.com

# (၃)

"ဟား ဟား ဟား ဟား ဟား ..."

ဆရာဦးစံကျော်တို့ စုံစမ်းရေးအဖွဲ့သားများမှာ တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်မိကြသည်။ ထို့နောက် အူလှိုက်သည်းလှိုက် ရယ်မောနေသော ဦးဘအေးအား အံ့သြစွာ ကြည့်နေမိကြပြန်၏။

"ခြင်းထဲကကြက်လို၊ မြှူးထဲကငါးလို ဒင်းတို့လုပ်သမျှ ငုံ့ခံနေရတဲ့ဘဝမှာများ ခင်ဗျားတို့ စုံစမ်းရေးတွေဘာတွေလာလုပ်ပြီး ဘယ်ဆီသွားပြီး ခင်ဗျားတို့က စကားပြောမှာလဲဟင်၊ ခင်ဗျားတို့လို လူတွေမပြောနဲ့၊ ထိပ်သီးဆိုတဲ့ ဦးဘဖေတို့တောင် ဘိလပ်က ယောင်လည်လည်နဲ့ ပြန်လာကြရတော့မယ်မဟုတ်လားဗျ၊ ဟား ဟား .. အရူးတွေ ..၊ ဟား ဟား ဟား ..."

မျက်နှာထားကြီး တင်းမာနေလျက်က မရယ်ချင်ဘဲနှင့် တအားဟစ်၍ ရယ်မောသဖြင့် ဦးဘအေးမှာ ကြောက်မက်ဖွယ်အသွင်ကို ဆောင်၏။

"နေပါဦးဗျ၊ အင်္ဂလိပ်က ကျုပ်တို့မြန်မာပြည်ကို သိမ်းတော့ ခင်ဗျားတို့လိုပဲ စာရွက်ကလေးပေါ် စာရေးပြီး မြန်မာပြည်ကို ကျုပ်တို့

mgyoe.com

mgyoe.com


သိမ်းပါရစေလို့ လာပြောသလား၊ ကျုပ်တို့ကလည်း အသာလေးပေး လိုက်တာပဲလား"

"ကျွန်တော်တို့ မြန်မာအသင်းချုပ်ကြီးဟာ လွတ်လပ်ရေးရအောင် ဆောင်ရွက်နေပါတယ်၊ အခုလည်းဒီနယ်မှာ လယ်သမားတွေကို နှိပ်စက် စော်ကားပြီး သဿမေဓ အတင်းကောက်နေတယ်ကြားလို့ လာပြီး စုံစမ်း တာပါ၊ ဘယ်လိုအနှိပ်စက်ခံရတယ် ဘယ်လိုစော်ကားသွားတယ်ဆိုတာ သိမှ ကျွန်တော်တို့က အတိအကျ သက်သေသက္ခာယနဲ့ သက်ဆိုင်ရာကို ပြောနိုင်ပါ့မယ်"

"ခင်ဗျားတို့ အတိအကျသွားပြီး တိုင်တန်းမယ်၊ ပြောမယ်ဆိုတာ က ဘယ်ခွေးသားကို သွားပြောမှာ တိုင်မှာလဲဗျ၊ တိုင်တော့ရော.. စုံစမ်း ပါဦးမယ်ဆိုတာနဲ့ ပြီးမှာပဲမဟုတ်လား"

ဦးဘအေးသည် အကြောကြီးများ ထောင်လာသည်အထိ ရေရွတ် တိုင်းထွာနေ၏။

"ဒီမယ် ဆရာဦးစံကျော်၊ အင်္ဂလိပ်က ကျုပ်တို့တိုင်းပြည်ကိုလိုချင် လို့သိမ်းတာဗျ၊ သိမ်းလို့ရတဲ့နောက်မှာ သူလုပ်ချင်သလိုလုပ်မှာပဲ၊ ခင်ဗျားတို့ ဂျီစီဘီအေက ကန့်ကွက်လည်း အလကားပဲ၊ ကန့်ကွက်တာ အရေးမယူလို့ အပ်တစ်ချောင်းမှမကိုင်ဘဲ တန်းစီဆန္ဒပြတော့လည်း ခင်ဗျားတို့ကို မြင်းနဲ့နင်းသတ်မှာပဲ၊ အပိုအလုပ်တွေ လုပ်မနေနဲ့"

ဆရာဦးစံကျော်တို့အဖွဲ့မှာ ကသာမှ ဒေးဒရဲတိုင် လှည့်လည် စုံစမ်းခဲ့ပြီးပြီ။ မိမိတို့ ကယ်ဆယ်နိုင်ခြင်းမရှိသည်ကို အပထား၍ ရောက် လေရာ ကျေးရွာတိုင်းမှ လယ်သမားများက အားကိုးတကြီး တိုင်တန်း ကြသည်။

ယခု သာယာဝတီ၏အရှေ့မြောက်ဘက်ရှိ ရိုးမခြေရင်းမှ ဉာဏ် ဝဲရွာမည်သော ဇနပုဒ်သို့ ရောက်တော့မှ ဆရာဦးစံကျော်တို့မှာ ဝဲရွာသား

mgyoe.com

mgyoe.com


ကြီး ဦးဘအေး၏ မလေးမစားပြုလုပ်ခြင်းကို ခံရ၏။ ဦးဘအေး၏ မျက်မှောက်၌ ဆရာဦးစံကျော်တို့ စုံစမ်းရေးကော်မရှင်မှာ မလောက်လေး မလောက်စား အလကားသတ္တဝါတွေ ဖြစ်နေရပေပြီ။

"အိမ်တစ်အိမ်ကို ဓားပြတိုက်တယ်ဗျာ၊ အဲဒီဓားပြက သေနတ်ကြီးပြပြီး ဓားကြီးမိုးပြီး ခင်ဗျားတို့ရဲ့ ပစ္စည်းကိုယူသွားတော့ ဓားနဲ့လိုက်ခုတ်၊ လှံနဲ့လိုက်ထိုး၊ ဒူးလေးနဲ့ လိုက်ပစ်မှ ခင်ဗျားတို့ရဲ့ပစ္စည်းတွေ ပြန်ရနိုင်မယ်၊ လိုက်ပြီးရှိခိုးရင် ပါးရိုက်ပစ်ခဲ့မှာပဲ"

ဆရာဦးစံကျော်သည် ဒေါသကြီးသလောက် ရှင်းလင်းပြတ်သားသော လယ်သမားကြီးအား ငေးကြည့်နေမိသည်။ ကြီးမားသော လက်မောင်းလက်ရုံးကြီးများ၊ ကျယ်ပြန့်ကားလျားသော ရင်အုပ်ကြီးတို့မှာ လှုပ်ရှားတက်ကြွနေ၏။

"အခု ဆရာဦးစံကျော်တို့၊ ဂျီစီဘီအေတို့ ဝံသာနုတို့တစ်တွေ၊ စီတန်းလှည့်လည်တာတို့ ဘာတွေဖြစ်နေပါတယ်၊ တိုင်တန်းတာတို့ဟာ ဓားပြကိုသွားပြီး ရှိခိုးမျက်ရည်ခံထိုးနေတာနဲ့ အတူတူပဲဗျ၊ ဒါကြောင့်လည်း တစ်လောက မန္တလေးနဲ့ ရန်ကုန်မှာ သေကုန်ကြတယ်မဟုတ်လား"

စုံစမ်းရေးကော်မရှင်မှာ အာစေးထည့်ထားဘိသို့ ငေးနေကြသည်။

"ဓားပြဆီက ပစ္စည်းကိုပြန်လိုချင်ရင် ဓားပြကို ဒူးလေးသေနတ်ဓားလှံတို့နဲ့ ပြန်ပြီး နိုင်အောင်တိုက်ခိုက်ရသလို သူ့ကျွန်သပေါက်ဘဝက လွတ်ချင်ရင် သူပုန်ထရမယ်ဗျ၊ သူပုန်ထရမယ်"

ဆရာဦးစံကျော်၏ နှလုံးသွေးတို့သည် နားထင်နားရင်းတိုင် တရှိန်ရှိန်ပူ၍ တက်လာလေ၏။ သူသည် ဦးဘအေးအား လေးစားခံ့ညားစွာ ကြည့်နေမိသည်။

"ခင်ဗျားတို့ပဲ သဿမေဓဆိုတာကို စဉ်းစားကြည့်ကြပါ၊ လူခွန်

mgyoe.com

mgyoe.com


တော်၊ ဘာလူခွန်တော်လဲ၊ ငါပိုင်တဲ့ မြန်မာပြည်ထဲလာပြီး လူဖြစ်တဲ့အတွက် အခွန်ပေးရမယ်ဆိုပြီး တောင်းတဲ့အခွန်မဟုတ်လား၊ သူ့အခွန်တော်ကို မပေးဆောင်ချင်ရင် သူပိုင်တဲ့ မြန်မာပြည်မှာ မနေနဲ့ဆိုပြီး ကျုပ်တို့လယ်သမားတွေကို သေရွာပို့နေတယ်၊ အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းနေတယ်၊ ကျုပ်တို့က သူပိုင်တဲ့တိုင်းပြည်ထဲမှာ နေမိတာကိုးဗျ"

"မဟုတ်ပါဘူး မိတ်ဆွေ၊ အမိမြန်မာပြည်ကို ဗြိတိသျှအစိုးရမင်းတို့က သိမ်းယူထားတာပါ၊ အမှန်က ကျွန်တော်တို့ပြည်ပါ"

စုံစမ်းရေးအဖွဲ့ဝင်တစ်ဦးက ခုခံငြင်းဆိုလေသည်။

"ကျုပ်တို့ပြည်ဖြစ်ရင် ကျုပ်တို့ပြည်ထဲမှာ ကျုပ်တို့လူလာဖြစ်နေတာကို လူဖြစ်ခ ဆိုတဲ့ လူခွန်တော် ဘယ်သူ့ကိုပေးရဦးမှာလဲဗျ၊ ကျုပ်အိမ်ထဲမှာ ကျုပ်အိပ်နေတာကို အိမ်ထဲအိပ်ခဆိုပြီး တခြားလူကလာတောင်းရင် ဓားနဲ့ထခုတ်သလို ဒီမျက်နှာဖြူတွေကိုလည်း သေနတ်သေနတ်ချင်း ပြန်တိုက်ရမယ်ဗျ"

ဦးဘအေးသည် လက်ဝဲဘက်နဖူးတွင် အမာရွတ်နှင့် နှုတ်ခမ်းမွေးစစနှင့် အဖွဲ့ခေါင်းဆောင် ဦးစံကျော်အား လှမ်း၍ ...

"ဟုတ်ပါသလား ဆရာဦးစံကျော်"

ဟု မေးသည်။

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

"ဟုတ်လို့ရှိရင် လက်နက်အားကိုးနဲ့ စော်ကားနေတဲ့ မသမာကောင်တွေကို လက်နက်နဲ့ ဖြုတ်မချဘဲ စုံစမ်းတာတို့၊ အသနားခံတာတို့လုပ်နေတာဟာ အရူးအလုပ်ပဲဗျ၊ ဟား ဟား ဟား ..၊ ခင်ဗျားတို့ဟာအရူးတွေပဲ၊ ဟား ဟား ဟား ဟား .. ဟား ဟား ဟား ဟား ..."

ဦးဘအေးသည် ကြောက်လန့်ဖွယ်ရာ အသံကြီးဖြင့် အော်ဟစ်ရယ်မောပြန်လေ၏။ စုံစမ်းရေးအဖွဲ့သားများမှာ ထပြေးရကောင်းနိုး၊

mgyoe.com

mgyoe.com


ထိုင်နေရကောင်းနိုးဖြင့် မနေတတ် မထိုင်တတ်ဖြစ်နေသည်။ ဆရာဦးစံကျော်ကတော့ ဦးဘအေးအား စိုက်ကြည့်နေပြီး ဦးဘအေး ငြိမ်သည်တွင် မိမိ၏ထုံးစံအတိုင်း အေးအေးကလေး စတင်သည်။

"သူပုန်ထတယ်ဆိုတာ ကလေးကစားတာမဟုတ်ဘူးဗျ၊ ခေတ်ပေါ် လက်နက်ကောင်းတွေရှိတဲ့ သူတို့ကို ခင်ဗျားတို့ ကျုပ်တို့ ဓားမကောင်းကောင်းမရှိတဲ့လူတွေက အလျင်စလိုထတိုက်ရင် သေကုန်မှာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်က ခင်ဗျားတို့မှားနေတာကို ပြောတာပါ"

"ဗန္ဓုကရသေ့တို့၊ မင်းလောင်းမင်းသန့်တို့လို လူကလေးနှစ်ယောက်တစ်ပိုင်းနဲ့ ထလုပ်တာထက် မနိုင်သေးလို့ ခံခြင်းနဲ့ ခံနေရဦးမှာပဲ၊ ခံနေရင်းက သူတို့လက်ခံသလောက်ကလေး ပေးလုပ်ရင်း လူသူစုဆောင်းရတယ်"

"ကျွန်တော်တို့ကတော့ အခုလို ငုံ့ခံရင်း ကျိုးပဲ့၊ လူစဉ်မမီဘဝနဲ့ အသက်တစ်ရာနေရမယ့်အစား ဒီကောင်တွေကိုတိုက်ပြီး တစ်ရက်တည်းနေမယ်ဗျာ"

ဆရာဦးစံကျော်သည် ဦးဘအေးအား ပြုံး၍ကြည့်နေမိသည်။ ကြည့်နေသော မျက်လုံးအစုံသည် တောက်ပနေ၏။

"မြန်မာတို့ရဲ့ စာမရှိသွေးဟာ ဒီလိုချည်းပါပဲဗျာ၊ တစ်ပြည်လုံးတညီတညွတ်တည်း ထကြွဖို့ လက်နက်ခဲယမ်းမီးကျောက်ရဖို့ကလည်း လိုသေးတယ်မဟုတ်လား"

"ဆရာဦးစံကျော်ကလည်း .. အစမှာတော့ လုပ်သေနတ်တို့၊ ဒူးလေးတို့နဲ့ပဲ သူကြီးတွေရဲ့သေနတ်ကိုဝင်လု၊ ဂါတ်သေးသေးလေးတွေဝင်စီးရာက တဖြည်းဖြည်း အားရှိအောင် လုပ်လို့ရပါတယ်ဗျ"

"ခင်ဗျားကတော့ မြန်မာတို့ရဲ့ စာမရှိသွေး စစ်ပါပေတယ်၊

mgyoe.com

mgyoe.com


သူပုန်ဗိုလ်လည်း ဖြစ်ထိုက်ပါပေတယ်”

“အို .. ဗိုလ်မလုပ်ချင်ပါဘူး၊ အင်္ဂလိပ်သွေးနဲ့ ခြေဆေးရရင် တော်ပါပြီ”

* * *

ဆရာဦးစံကျော်သည် စုံစမ်းရေးကိစ္စများ ပြုလုပ်ပြီး၍ အမှုတွဲပေါင်း ခုနစ်ရာကျော်ကို အသင်းချုပ်ကြီးသို့ ပေးခဲ့၏။ ဖိုင်တွဲများသည် မည်သည့်ဗီရိုထဲ၌ ပိုးကိုက်ခြစားကုန်ပြီမသိ။ လယ်သမားတွေ စော်ကားနှိပ်စက်ခံရခြင်းနှင့် စပ်လျဉ်း၍ကား ဝဲရှာသားကြီး ဦးဘအေးပြောလိုက်သလိုပင် မည်သို့မျှ အရေးယူသည်၊ ပြုပြင်သည်ဟု မကြားရပေ။

မိမိ၏မတရားမှုကို မိမိဘာသာ ပြန်၍အရေးယူရန်မှာ ဗြိတိသျှအစိုးရမင်းသည် အရူးမဟုတ်ပေ။ ထို့ကြောင့် မြန်မာလယ်သမားတွေ စော်ကားနှိပ်စက်ခံရသော ကိစ္စကို အရေးမယူသည်မှာ မထူးဆန်း။ ဆရာဦးစံကျော် စိတ်မပျက်။

လှည့်လည်စုံစမ်းမှု လုပ်ခဲ့ရသောနယ်များ၌ လယ်သမားတို့၏ ဒေါသသည် တိုင်ထိပ်သို့ရောက်နေပြီဖြစ်ရာ တစ်ဦးဦးကသာ ခေါင်းဆောင်၍ လှုပ်ရှားလိုက်လျှင် လယ်သမားတို့၏ဓားသည် အစွမ်းပြကြတော့မည်။

ထိုသို့ ပုန်ကန်ထကြွချင်သဖြင့် လက်ယားနေကြသောအချိန်တွင် စနစ်တကျ စည်းရုံးခြင်း လိုအပ်သည်။ ထို့ကြောင့် ဆရာဦးစံကျော်သည် တောင်ငူကွန်ဖရင့်၌ သွေးတိုးစမ်းသည်။

ထတိုက်သောအခါ၌ လိုအပ်သည်မှာ စစ်ပညာဖြစ်၏။ ထိုစစ်ပညာကို ဖြောင်တစ်မျိုး၊ တိတ်တိတ်တစ်သွယ် သင်ကြားနိုင်ရန် ဝန်ထမ်းအဖွဲ့ဖွဲ့ရေး ဒုတိယအထစ်ဖြင့် သွေးတိုးစမ်း၏။ ဝန်ထမ်းအဖွဲ့မှာ ခါးပိုက်

mgyoe.com

mgyoe.com


ဆောင်တပ်ဖြစ်ကာ ဦးမောင်ကြီး၏ရဲတပ်၊ ဒေါက်တာဘမော်၏ ဓားမတပ်၊ တို့ဗမာအစည်းအရုံး၏ လက်ရုံးတပ်တို့အသွင်မျိုးကို ရည်ရွယ်ပေသည်။

လက်တွေ့ခံရသူတို့က ဖြောင်ထတိုက်ချင်သောအချိန်၌ မြို့ပေါ်တွင် အခန့်သားထိုင်ကာ နိုင်ငံရေးသမားလုပ်နေသော ကုန်သည်၊ ပွဲစား၊ မြေရှင်နှင့် ပညာတတ်လူတန်းစားတို့ကား ဖြောင်တိုက်ရန် မဆိုထားဘိ၊ ဂန္ဒီ၏ သစ္စာဂြဟကဲ့သို့သော နည်းယောင်ယောင်ဖြစ်သော အာဏာဖီဆန်ရေးအဆိုကိုပင် ဆားထိသောတီကောင်လို တွန့်သွားကာ ဒါဟာ ပုန်ကန်တာပဲဟု ကြောက်လန့်တကြား အော်လျက် ဂျီစီဘီအေ ဒုတိယအကြိမ်ကွဲထွက်သွားပြန်လေ၏။

ဆရာဦးစံကျော်အဖို့ ဝမ်းနည်းပက်လက် ဖြစ်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ပေ။

"ငါ စုံစမ်းရေးလုပ်ခဲ့တဲ့ နယ်တွေက လယ်သမားကြီးတွေ မေးရင် ငါ ဘယ်လိုဖြေရပါ့"

စစ်ဖိနပ်အောက်၌ သွေးအလူးလူးဖြင့် အသက်ထွက်အောင် ခံနေကြရသော လယ်သမားကြီးများအား "အာဏာဖီဆန်ရေး အဆိုကလေးကြောင့် ဦးစုဂိုဏ်းသားများ ပဲ့ထွက်သွားပါသည်" ဟု ပြောပြန်ရလျှင် ထ၍တိုက်ချင်သော လယ်သမားကြီးတွေက ဘာပြောမည်နည်း။

မြို့ပေါ်က ဂျီစီဘီအေအဖွဲ့၏ကိုယ်စား ဆရာဦးစံကျော်အားသာ သရော်ကြပေမည်။ လယ်သမားကြီးများသည် ဂျီစီဘီအေအစား ဦးစံကျော်ကို တံတွေးဖြင့်ထွေးကြပေမည်။

ရှက်သည်ဆိုသောစကားကို ယခင်က အမှတ်မဲ့သုံးနှုန်းခဲ့၏။ ပြောဆိုသုံးစွဲခဲ့၏။ ယခု ရှက်သည်ဆိုခြင်း၏ အနက်အဓိပ္ပာယ်ကို ဆရာဦးစံကျော် သိရှိခံစားရလေပြီတကား။

ကျေးရွာမှ လယ်သမားကြီးတို့၏ ဆန္ဒကား ပုန်ကန်ရေးမှ

mgyoe.com

mgyoe.com


တစ်ပိုင်းမျှမလျှော့။

မြို့ပေါ်မှ နိုင်ငံရေးသမားတို့၏အလိုကား လက်ဝါးဖြန့်တောင်းခံခြင်းမှ တစ်ဆင့်မျှမတက်။

မအိပ်နိုင်မစားနိုင်ဖြစ်နေသော ဆရာဦးစံကျော် ဘာလုပ်ရမည်နည်း။ လူစုအင်အားဖြင့်လုပ်မှ အောင်မြင်မည်ကို ယုံကြည်၍ သူသည် ဂျီစီဘီအေကို ချဉ်းကပ်သည်။ ဦးဆွေးဆံမြည့် တာဝန်ယူခဲ့သည်။ မူလဂျီစီဘီအေ ပထမကွဲစဉ်က ဦးချစ်လှိုင်ဂိုဏ်းသားများ ခွဲထွက်သွားခဲ့ရာ ကမာမိုနှင့် ဘီလူးကျွန်း၊ မော်လမြိုင်တို့တွင်လည်း ဦးချစ်လှိုင်၏ ခွဲထွက်သော ဂျီစီဘီအေများ ပေါ်ပေါက်ခဲ့၏။ သို့ရာတွင် ဆရာဦးစံကျော်၏ တက်ကြွမှုနှင့် လုပ်ရည်ကိုင်ရည်ကို မမီသောကြောင့် မော်လမြိုင်၊ ဘီလူးကျွန်းနှင့် ကမာမိုတွင် ဦးချစ်လှိုင်ဂိုဏ်းသားများ ခေါင်းမထောင်နိုင်ပေ။ ထို့ကြောင့် ဆရာဦးစံကျော်အား ကမာမိုတွင် ညဥ့်အချိန်၌ ချောင်းမြောင်းလုပ်ကြံကြရာ ဆရာဦးစံကျော်မှာ ကံကောင်းထောက်မ၍ အသက်မသေခဲ့သော်လည်း လက်ယာနဖူးစောင်းမှ တစ်လက်မခွဲရှည်သော ဒဏ်ရာမှာ သေရာပါတော့၏။

မိမိယုံကြည်သဖြင့် အားကြိုးမာန်တက် ဝင်ရောက်ဆောင်ရွက်ခဲ့သော အဖ ဂျီစီဘီအေကြီးကား ယခုပုံဆိုလျှင် မည်သည်ကို မျှော်မှန်း၍ မည်သူ့အကျိုးအတွက် လုပ်ကိုင်နေခြင်းပေနည်း။

ဆရာဦးစံကျော်သည် မိမိတို့ သမ္မတဥက္ကဋ္ဌကြီး၏ သဘောထားများကို ချဉ်းကပ်တောင်းခံကြည့်ပြန်သည်။ သမ္မတကြီးဦးစိုးသိမ်း ကိုယ်တိုင်သည်ပင်လျှင် ကျေးရွာမှ လယ်သမားကြီး၏ဆန္ဒကို များစွာကြောက်ရွံ့နေပေသည်။ ဆရာဦးစံကျော်၏ ပုန်ကန်ရေးဝါဒကို သမ္မတဦးစိုးသိမ်း ဆန့်ကျင်ကြောင်းကို ဦးစိုးသိမ်း ဂျီစီဘီအေ မတရားသင်းကြေညာခံရသောအခါ (သာယာဝတီ) ဦးမောင်မောင်အိမ်မှ ပုလိပ်များ

mgyoe.com

mgyoe.com


သိမ်းဆည်းရမိသည့် ဦးမောင်မောင်သို့ ဦးစိုးသိမ်းပေးစာတွင် အတိ အလင်း ပါရှိပေသည်။

သမ္မတဦးစုဂိုဏ်းသားများကား အခွန်မပေးဘဲ အာဏာဖီဆန် ရေးကို အဆိုအဖြစ်ဖြင့်ပင် လက်မခံကြပေ။ အရှင်သခင် ဗြိတိသျှအစိုးရ အား ပုန်ကန်ခြင်းသာတည်းဟု ယူဆကြ၏။

မူလဂျီစီဘီအေ၏ သမ္မတကြီး ဦးစိုးသိမ်းတို့ကား အခွန်မပေးရေး အာဏာဖီဆန်မှုကို ပါးစပ်ဖြင့်လည်းကောင်း၊ စာရွက်ဖြင့်လည်းကောင်း လက်ခံကြသည်။ လက်တွေ့ကား မဆောင်ရွက်ကြချေ။

ပြည်သူ၏အများစုလည်းဖြစ်၊ မြန်မာပြည်ဟုလည်းခေါ်နိုင်သော လယ်သမားများက ဗြိတိသျှအစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုများကို သည်းမခံနိုင်တော့ပြီ။ ယင်းအချက်ကို မျက်ဝါးထင်ထင် သိခဲ့မြင်ခဲ့သော ဆရာဦးစံကျော်အဖို့ နှာစေးနေရန် ခက်လှသည်။ ပြည်သူ့အပေါ်၌ သစ္စာ စောင့်သိရှိသေသော ပြည်သူ့နိုင်ငံရေး သမားတစ်ယောက်အနေဖြင့် ပြည်သူ့ဆန္ဒမျက်ကွယ်ပြုရန် ခက်လှတော့၏။

သို့ဖြစ်လျှင် ...

နိုင်ငံ့အကျိုးမပါသော နိုင်ငံရေးကို ဆောင်ရွက်တယ်ဆိုပြီး မြို့ပေါ်မှာပဲညာနေမလား၊ ဒါမှမဟုတ် ညာဝါးနေတဲ့အလုပ်ကို စွန့်လွှတ် မလား။

ဆရာဦးစံကျော်မှာ မိမိ၏အဖွဲ့ကို စွန့်လွှတ်ရန် များစွာဝန်လေး နေသည်။ မိမိ၏အဖွဲ့ကို မစွန့်လွှတ်လျှင်လည်း ပြည်သူအား သစ္စာ ဖောက်ရာရောက်ကြောင်း နားလည်နေသည်။ အကြံရခက်၊ အတွေးရခက် နှင့်ပင် သာယာဝတီ ဝဲရွာသို့ ခြေဦးလှည့်ခဲ့သည်။

ဦးဘအေးသည် ဆရာဦးစံကျော်ကိုမြင်လျှင် ဝမ်းသာအားရ အိမ်ပေါ်မှ ပြေးဆင်းလာကာ ဆီးကြို၏။

mgyoe.com

mgyoe.com


"ဆရာဦးစံကျော် အလည်လာသလား"

ဦးဘအေးသည် ကြာမြင့်စွာ ကွဲကွာနေသော ငယ်ပေါင်းသူငယ်ချင်းအား ပြန်လည်တွေ့ဆုံရဘိသို့ ရွှင်ပျအားတက်နေ၏။ ဆရာဦးစံကျော်မှာမူ ထိုလယ်သမားကြီးအား မည်သို့ပြောရပ်ါဟု အကြံရခက်နေသည်။ ပွင့်ပွင့်မပြုံးနိုင်။

"နေနိုင်သလောက် နေပါ ဆရာဦးစံကျော်၊ ကျွန်တော့်ကို အားနာစရာမရှိပါဘူး"

"ဟုတ်ကဲ့ .."

အိမ်ဦးခန်း၌ ထိုင်မိ၍ ဆေးလွယ်အိတ်ချရင်း အိမ်နီးဝန်းကျင်သို့ ဆရာဦးစံကျော် ဝေ့ဝဲကြည့်မိလေသည်။ ဟိုအိမ်သည်အိမ်မှ လူအချို့သည် လှမ်းလင့်၍ အကဲခတ်နေကြ၏။

"အခုထက်ထိတော့ ဆရာတို့ စုံစမ်းသွားတာတွေဟာ ဘာမှ အရာမထင်သေးပါပဲလား"

ဦးဘအေးက အနာဟောင်းကို ဆွလာလေသည်။

"အင်း .. ဆိုပေတော့ဗျာ၊ ကျုပ်လည်း အဲဒီကိစ္စတွေကြောင့် စိတ်ပျက်ပြီး ဒီကို ထွက်လာခဲ့တယ်ဆိုရတော့မှာပဲ"

"ဟား ဟား ဟား ဟား ဟား ဟား"

ဦးဘအေးသည် ထုံးစံအတိုင်း အော်ကျယ်ဟစ်ကျယ် ရယ်မောလေ၏။

"ဆရာစိတ်ပျက်တယ်ဆိုတာက ကျွန်တော်တို့ လယ်သမားတွေကိုလား၊ ဆရာတို့လူတွေကိုလား"

"ကျုပ်တို့လူတွေကို ရည်ရွယ်တာပါ ဦးဘအေးရယ်"

ဆရာဦးစံကျော်သည် မရွှင်မပျဖြင့်ပင် အခွန်မပေးသော အာဏာဖီဆန်ရေးအကြောင်းကို ပြန်ပြောင်းပြောပြရလေ၏။ ဦးဘအေးကား

mgyoe.com

mgyoe.com


သူ၏ ပင်ကိုပုံစံအတိုင်းပင် အားရပါးရ ရယ်မောတော့သည်။

"သညာသိနဲ့ ပညာသိဆိုတာလိုပါပဲ ဆရာရယ်၊ ကျွန်တော်တို့ လယ်သမားတွေ လူလုံးမလှဖြစ်နေရတယ်ဆိုတာကို ကျွန်တော်တို့လို လက်တွေ့ခံစားနေရတဲ့ သညာသိသမားထက် ဆရာတို့မြို့ပေါ်က တစ်ယောက်စကားတစ်ယောက်နားနဲ့ ကြားရတဲ့ ပညာသိသမားက ဘယ်မှာကိုယ်ချင်းစာနိုင်ပါ့မလဲလေ၊ ကိုယ့်အသားကိုမထိတော့လည်း မနာကြပေဘူးလေ"

"အဲဒါကြောင့် ခက်နေတာပေါ့ဗျာ"

ဆရာဦးစံကျော်က ဆက်လက်ညည်းညူလိုက်လေသည်။

"မခက်ပါဘူး ဆရာရယ်၊ ကျွန်တော်တို့လယ်သမားတွေဟာ ခေါင်းဆောင်လိုနေတယ် ဆရာရဲ့၊ ခေါင်းဆောင်ကောင်းရရင် ဒင်းတို့ ဘာခံနိုင်မလဲ၊ အင်း .. သောက်ပါဦး ဆရာ"

ဦးဘအေးက ရေနွေးအိုးကို မြေပဲကြော်နှင့် တည်ခင်းဧည့်ခံပြီး ဆက်လက်ပြောဆို၏။

"ကျွန်တော်တို့က လက်တွေ့ခံစားထားရတော့ ကျွန်တော်တို့ လယ်သမားတွေကပဲ တိုက်မှာပါ၊ ဆရာတို့ မြို့ကြီးသားတွေကတော့ ဟဲ ဟဲ လူလိမ္မာတွေမဟုတ်လား၊ ဟိုငဲ့ဒီငဲ့နဲ့ မတိုက်ရဲကြပါဘူး ဆရာ"

"အင်းလေ .. ကျုပ်လည်း ဒီမှာနေပါဦးမယ်၊ ကြည့်ချင်တာတွေ၊ သွားချင် လာချင်တာတွေကလည်း ရှိနေပါသေးတယ်လေ"

"နေပါ ဆရာ၊ ကြိုက်သလောက်နေပါ"

ဆရာဦးစံကျော်မှာ လယ်သမားကြီးများကြားသို့ ရောက်လာသဖြင့် နေသာထိုင်သာရှိသွား၏။ ထိုစဉ်တွင် စုံစမ်းရေးအဖွဲ့နှင့်လာဖူးသော ဆရာဦးစံကျော်ဆိုသဖြင့် လယ်သမားကြီးများသည် ဦးဘအေး၏ အိမ်သို့ရောက်လာကြလေ၏။

mgyoe.com

mgyoe.com


"ကျွန်တော်တို့မှာတော့ ဆရာ၊ အိမ်ပြင်ချင်လို့ ဝါးသွားခုတ်တာ၊ ထမင်းဟင်းချက်ပြုတ်ဖို့ ထင်းသွားခုတ်တာကအစ လှည်းတစ်စီးကို တစ်မတ် အခွန်ဆောင်နေရပါတယ်"

"ဒီတစ်မတ်မပေးနိုင်ရင် ကျွန်တော်တို့အိမ်တွေ ဒီလိုပဲထားရတော့မှာလား၊ ဝါးမခုတ်ရရင် နှီးဘယ်ကရမလဲ"

လယ်သမားကြီးများသည် မိမိတို့၏ ခံစားရချက်ကို ဖွင့်ထုတ်ကြလေ၏။

"ဆရာတို့ မကယ်နိုင်ကြတော့ဘူးလားခင်ဗျာ"

"ထိုးကျလိုက်တဲ့ စပါးဈေးကလည်း ခေါက်ထိုး၊ ရွာတွေလည်း ကျီးနဲ့ဖုတ်ဖုတ်"

ဆရာဦးစံကျော်သည် တစ်ခွန်းတစ်ပါဒမျှမပြောဘဲ လယ်သမားကြီးများပြောသမျှကို နားထောင်နေ၏။ လယ်သမားကြီးများ၏ စိတ်ဓာတ်ကိုလည်း လေ့လာနေသည်။ ယင်းသို့ဖြင့် သူသည် ဇနီးသည်ရှိရာသို့ ပြန်ရန် မေ့လျော့သွားလေ၏။

❑

mgyoe.com

mgyoe.com

(၄)

ဆရာဦးစံကျော် သွားလေရာ၌ ဆေးလွယ်အိတ်ပါလေသည်။

ယနေ့လည်း လှည်းလမ်းကူးရွာဘက်သို့ ဆေးလွယ်အိတ်ဆွဲလျက် ရောက်လာခဲ့၏။ လှည်းလမ်းကူးရွာမှာ ဝဲရွာ၏တောင်ဘက်တွင်တည်ရှိပေသည်။ သာယာဝတီနှင့် များစွာ လှမ်း၍ ချောင်ကျသော ရိုးမအနီးက ရွာကလေးပင်ဖြစ်၏။

ဆရာဦးစံကျော် လှည်းလမ်းကူးရွာသို့ ရောက်လာခြင်းမှာ မည်သည့်လူနာရှင် တစ်စုံတစ်ယောက်ကမျှ ပင့်ချီ၍မဟုတ်ပေ။ တစ်ရွာပြီးတစ်ရွာ နေ့စဉ်နှင့်အမျှ သူ၏ဝတ္တရားအတိုင်း ဝင်ထွက်သွားလာနေခြင်းဖြစ်သည်။ ဆရာဦးစံကျော်သည် ဝဲရွာ၌ ထိုင်နေသည်မရှိ။ အင်းကောက်၊ သဲဖြူ၊ သင်တောရိုး၊ ဖားရွှေကျော်နှင့် လှည်းလမ်းကူးစသော ရွာများသို့ တစ်ရွာမရောက်တစ်ရွာ နေ့စဉ်ရောက်ရှိနေ၏။

ရထားလမ်း၏အရှေ့ဘက်ရှိ ထိုရွာများတွင် ဆရာဦးစံကျော်ကို မတွေ့ရပါက သူသည် ရထားလမ်း အနောက်ဘက်ရှိ အင်းရွာနှင့် အခြားကျေးရွာများသို့ ရောက်ရှိနေပေတော့သည်။

သူသည် ရောက်လေရာ၌ အခကြေးငွေရသည်ဖြစ်စေ၊ မရသည်

mgyoe.com

mgyoe.com


ဖြစ်စေ လူနာတွေ့လျှင် ဝင်ကုသည်။ ဆေးတောင်းလာလျှင် ပေးသည်။ ထို့ကြောင့် သူ့အား အများစုက မြန်မာဗိန္ဓော ဆေးဆရာတစ်ဦးဟုမြင်ကာ အဖျားဆွတ်၍ ဆရာစံဟု ခေါ်ကြသည်။ အလိုတော်ရိနှင့် မင်းမြှောင် ကပ်ပါးမဟုတ်သော လယ်သမားကြီးများကမူ သူ့အား နိုင်ငံရေးခေါင်း ဆောင်ကြီးဟု မြင်ကြသိကြသည်။

"ဆရာကြီး ဘယ်ကလာလဲ"

ရွာအဝင်တွင် လူအချို့နှင့် ရင်ဆိုင်မိသဖြင့် ထိုလူများက စတင် နှုတ်ဆက်သည်။ ဆရာပြုံး၍ "သည်တင်ပါပဲ" ဟု ဖြေလေသည်။

"ကျွန်တော်တို့ စည်နှစ်ခွကလေ ဆရာကြီး"

စတင်နှုတ်ဆက်သူကပင် ရွာအမည်ကို ဖြည့်စွက်ပြောပြသဖြင့်

"ဪ .. သိပါပြီ၊ စည်နှစ်ခွက ကိုဖိုးစိန်မဟုတ်လား၊ သူတို့ ကတော့ ဦးတိုကထင်ပါရဲ့၊ ပြန်ကြတော့မလို့လား"

ဟု ပြန်လည်နှုတ်ဆက်၏။

"ဟုတ်ပါတယ် ဆရာကြီး၊ နွားပျောက်ရှာတာပါ၊ ရင်ထဲကအောင့် လို့ ဆရာကြီးရယ်၊ ဆေးများပါရင် မစခဲ့ပါ"

"ရပါတယ်"

ဆရာစံသည် ကင်းတဲပေါ်ဝင်ထိုင်ကာ ဆေးသုံးခွက်စာ ထုတ်ပေး ၏။

"ကျန်တဲ့နှစ်ခွက်ကို ရွာပြန်ရောက်မှ သံပရာရည်နဲ့သောက်၊ အခု တော့ ဒီမှာရေတောင်းပြီး တစ်ခွက်သောက်သွား၊ လမ်းမှာ အောင့်နေမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

စည်နှစ်ခွရွာသားများ နီးရာအိမ်တစ်အိမ်သို့ ဝင်သွားလျှင် ဆရာ စံသည် ရွာလယ်ပိုင်းသို့ ဆက်လျှောက်လာသည်။ ဝံသာနုအသင်းလူကြီး ဦးစိန်ထွန်း၏ သက်ငယ်မိုးအိမ်ကလေးရှေ့သို့ ရောက်သည်တွင် အိမ်

mgyoe.com

mgyoe.com


ဘက်သို့ ဆက်မလျှောက်နိုင်ဘဲ ဆရာစံမှာ လမ်းပေါ်တွင် တန့်သွား၏။

ဦးစိန်ထွန်း၏ အိမ်ကလေးရှေ့တွင် လူများ ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။ မိန်းမယောကျ်ား ဆယ်ယောက်ခန့်ရှိကာ ကလေးငိုသံလည်း စာနေပေ၏။ ဆရာစံ ရပ်နေစဉ် ဦးစိန်ထွန်းက လှမ်းမြင်သွားသည်။

"ဟော .. ဆရာကြီးလာတယ်ဟေ့၊ ဆရာကြီး ကြွပါ .. ကြွပါ"

ဝိုင်းအုံနေသော မိန်းမ ယောကျ်ားများသည် ညိုးငယ်စွာ လှည့်ကြည့်ကြသည်။ ဆရာစံကို မြင်သည်ဆိုလျှင် သူတို့သည် အားတက်သွားဟန်ဖြင့် ပြိုင်တူအော်ကြ၏။

"ဟော ..."

ကလေးများသည်လည်း သူ့ထက်ငါ အလုအယက် ပြေးလွှားလာကြသည်။

"ဘဘကြီး လာပြီ၊ ဘဘကြီး လာပြီ"

"ဘဘ လျက်ဆားပေး .."

"ဘဘ.. ဆေးပေးပါ"

ကလေးများသည် ဆရာစံထံ ပြေးအုံလာကြ၏။ တစ်ယောက်က ဆေးအိတ်ကို လှမ်းလွယ်ကာ အချို့သည် လက်ဆွဲ၍၊ အချို့က ပုဆိုးစကို ကိုင်ကာ လိုက်ပါလာကြ၏။

"လူတွေ များလှချည်လား"

ဆရာစံက ရွှင်ပျစွာမေးရင်း အိမ်ခါးပန်းမှာဝင်ထိုင်သည်။

"ဆရာကြီး ဒီဘက်မရောက်ပြန်ဘဲကိုး ဆရာကြီးရဲ့"

"ဟုတ်ကဲ့၊ ရွှေလောင်းကန်တို့၊ တာကုန်းတို့ဘက် ရောက်နေတယ်"

"ဆရာကြီး .. ကျွန်မသမီးလေး ဗိုက်နာနေလို့"

အခါလည်ရွယ် ကလေးငယ်နှင့် မိန်းမတစ်ယောက် ရောက်လာကာ ကြားဖြတ်ဆေးတောင်း၏။ ဆရာစံသည် ဦးစိန်ထွန်းဘက်မှ မျက်နှာ

mgyoe.com

mgyoe.com


လွဲကာ ဆေးအိတ်ဖြေရင်း ကလေးငယ်ကိုကြည့်သည်။

"ဗိုက်နာတယ်ဆိုတာ လေထိုးပြီးနာတာလား၊ ဝမ်းသွားတာလား"

"ဝမ်းသွားတာပါ ဆရာကြီး"

"ဘယ်တုန်းက စသွားတာလဲ၊ ဘယ်နှခါရှိပြီလဲ၊ အချွဲပါ သလား၊ သွေးပါသလား"

"သုံးရက်ရှိပြီ ဆရာကြီး"

"အင်း .. အင်း .."

"အချွဲတို့ သွေးတို့ မပါပါဘူး၊ တစ်နေ့ ငါးခါလောက်သွား တယ်"

"အေး .. အေး .."

ဆရာစံသည် သောက်ဆေးနှစ်မျိုးကို တစ်မျိုးလျှင် လေးခွက်စာ စီ ထည့်ပေးလိုက်သည်။

"ဆက်ပါဦးဗျ"

ကလေးနှင့် ကလေးအမေ ထွက်ခွာသွားလျှင် ဆရာစံက ဦးစိန်ထွန်းဘက်သို့ ပြန်လှည့်လိုက်ရာ ဦးစိန်ထွန်းက ပြုံး၍ လမ်းမဘက် သို့ကြည့်ရင်း ဖြေ၏။

"ဖြည်းဖြည်းပြောကြမယ် ဆရာကြီး၊ ဟိုမှာ တစ်ယောက် လာ ပြန်ပြီ"

လမ်းဘက်သို့ ဆရာစံ လှည့်ကြည့်သောအခါ အဘွားအို တစ်ဦး တောင်ဝှေးထောက်၍ တလှုပ်လှုပ်ဖြင့် အိမ်ဘက်သို့ လျှောက်လာ နေ၏။ အဘွားအိုသည် တစ်ခါတစ်ခါ၌ ရပ်၍ ချောင်းဆိုးနေရသည်။ ချောင်းဆိုးပြီးသော်လည်း မောနေသေးသဖြင့် မလာနိုင်သေး။

ဆရာစံသည် ချောင်းဆိုးသံကို ကြားရုံနှင့် ပန်းနာရင်ကျပ် ဖြစ် ကြောင်း သိသည်။ ဆေးသုံးခွက်စာ စက္ကူဖြင့်ထုပ်ထား၍ တစ်ခွက်စာကို

mgyoe.com

mgyoe.com


ရေနွေးဖြင့် အသင့်ဖျော်ထားကာ အဘွားအိုရောက်လျှင်ရောက်ချင်း ဆီး၍ တိုက်လွှတ်လိုက်၏။

"သာဓုပါ ဆရာရယ်၊ သာဓု သာဓု၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ .. သာဓု သာဓု .."

အဘွားအိုထွက်သွားလျှင် ကလေးကိုယ်ပူသည်ဆိုသော အမျိုးသမီးတစ်ဦးနှင့် ဖျားနာဝေဒနာသည် ယောကျ်ားတစ်ယောက်တို့ ရောက်လာကြပြန်သည်။ ဆက်၍ လျက်ဆားတောင်းသူများကလည်း တဖွဲဖွဲတည်း။

တစ်နာရီခန့် ကြာသွား၏။ လူနှစ်ဆယ်ကို ဆေးပေးပြီးသားဖြစ်သွားကာ လူစဲသွားခိုက်မှာပင် လယ်တောမှပြန်လာသော လယ်သမားကြီးနှစ်ယောက် ရောက်လာ၏။

ဆရာစံသည် လယ်သမားကြီးများနှင့် ရေနွေးသောက်ရင်း လုပ်ခင်းဆောင်တာ အခြေအနေကို မေးမြန်းသည်။ နေရေး၊ စားရေးများ စုံစမ်းသည်။

"ကိုထွန်းမြတ်၊ ဘအောင်၊ ငကျော့တို့ မိဘဆွေမျိုးတွေပဲ ဆရာကြီး"

"အဲဒီ ကိုထွန်းမြတ်တို့က ဘာဖြစ်လို့လဲ"

ဆရာစံက လယ်သမားကြီးနှစ်ယောက်ဘက်သို့ မျက်လုံးဝေ့ရင်း မေးသည်။

"ဆရာကြီး လာစတုန်းက ကျွန်တော့်အိမ်ရှေ့မှာ စုနေတဲ့လူတွေကို ပြောတာပါ"

"ဟုတ်ကဲ့ .. ဘာဖြစ်ကြတာလဲဗျ ဟင်"

"ကြိုးဝိုင်းထဲဝင်ပြီး ထင်းခုတ်ကြတယ် ဆရာကြီး၊ ထင်းခုတ်တော့ လှည်းတစ်စီးကို တစ်မတ် (၁၆ပြား) အခွန်ဆောင်ရမယ်၊ မဆောင်နိုင်တော့ လမ်းမရှိတဲ့နေရာကဝင်ပြီး ခိုးခုတ်ကြတာပဲ ဆရာကြီး"

mgyoe.com

mgyoe.com


"မိသွားသလား"

"မိသွားလို့ တစ်မတ်တောင်းတော့ ပေးစရာမရှိဘူး ဆရာကြီး၊ ပိုက်ဆံတစ်မတ် မပေးနိုင်ရမလားဆိုပြီး သစ်တောပုလိပ်တွေက ပါးနား ရိုက်၊ ဖနောင့်နဲ့ပေါက်တယ်"

"အင်း .. လုပ်ကြဦးလေ၊ လုပ်ကြဦး"

ဆရာစံသည် နှုတ်ခမ်းကိုစေ့၍ ရေရွတ်လိုက်လေ၏။

"ကိုထွန်းမြတ်ကိုတော့ မျက်နှာကို ခြေနဲ့ကန်တာ သွားကျိုးသွား တယ်၊ ငကျော့ကတော့ ဓားနဲ့ထခုတ်တာ သစ်တောပုလိပ်တစ်ယောက် နားရွက်ပြတ်သွားတယ်"

"မတရားနှိပ်စက်ပေသကိုးဗျ၊ လူ့သဘာဝက ဒီအတိုင်းပဲ၊ ဒါဖြင့် ငကျော့ကိုဖမ်းပြီး တရားစွဲမှာပေါ့"

"ငကျော့တင် မဟုတ်ဘူး ဆရာကြီး၊ အကုန်လုံးကို တရားစွဲတာ"

လယ်သမားကြီးတစ်ယောက် ဝင်၍ဖြေ၏။

"အဲဒါ မနေ့က သာယာဝတီမြို့ပိုင်ရုံးမှာ အမှုစစ်ပြီး ဘအောင်နဲ့ ကိုထွန်းမြတ်ကို ဒဏ်တစ်ဆယ်စီ အဆောင်ခိုင်းတယ်"

"တစ်မတ်မှမရှိတဲ့လူကို တစ်ဆယ်အဆောင်ခိုင်းတာတော့ ခွေး ပါးဝလွန်းသဗျာ"

ဆရာစံက အေးဆေးစွာ မှတ်ချက်ချလျှင် လယ်သမားကြီးတစ် ယောက်က ... "ဟုတ်တယ်ဆရာကြီး၊ သက်သက်နှိပ်စက်တာပဲ" ဟု ပြောဆိုထောက်ခံ၏။

"ဒဏ်ငွေမဆောင်နိုင်လို့ ထောင်သုံးလစီ ကျသွားတယ်။ အဲဒါ အိမ်မှာကျန်ခဲ့တဲ့လူတွေ အခုနေ ဒဏ်ငွေရှာဖွေပြီးသွားဆောင်ရင် ရဦး မလားလာမေးလို့ မရတော့ဘူးပြောလွှတ်လိုက်ရတယ်"

"တစ်ဆယ်ဝေးလို့ဗျာ။ ဦးထွန်းမြတ်တို့၊ ကိုဘအောင်တို့မှာ

mgyoe.com

mgyoe.com


ကျွဲမရောင်းရင် တစ်ကျပ်ငွေတောင် ရှာစရာနေရာမရှိဘူး"

လယ်သမားကြီးတစ်ဦးက မှတ်ချက်ချလိုက်ခြင်းဖြစ်၏။

"ဓားနဲ့ခုတ်တဲ့လူရော"

"ငကျော့ကိုတော့ သူတို့နှိပ်စက်ဦးမယ်လေ။ ငယ်တဲ့အမှုကို ကြီးအောင်၊ ကြီးတဲ့အမှုကို ဧရာမအမှုဖြစ်အောင်ချဲ့ပြီး ထောင်ဆယ်နှစ်လောက် အနည်းဆုံးပါပဲ"

ဦးစိန်ထွန်းက ဆရာစံမရောက်လာသော ရက်များအတွင်းက ဖြစ်ပျက်သော ကိစ္စကို ပြန်လည်ဖောက်သည်ချအပြီး၌ လယ်သမားကြီးတစ်ယောက်က မေးလိုက်သည်။

"ကျုပ်တို့ဘာလုပ်ရမလဲ ဆရာကြီး။ ချစ်တီးကြွေးကလည်း တစ်နှစ်ထက်တစ်နှစ်တက်လာပြီ။ လယ်ကလေး ထိုးအပ်လိုက်လည်း ကြွေးကမကျေသေးဘူး။ ကိုယ့်လယ်ကလေးကို သီးစားပြန်လုပ်တော့လည်း မြေဆီခလည်းပေးလိုက်ရော၊ စားစရာလည်း မကျန်တော့ဘူး ဆရာကြီး။ အဲဒီတော့ ကျုပ်တို့ဘာလုပ်ရမလဲဟင်"

"ဝါးခုတ်ထင်းခုတ်ပြီး မြို့တက်ရောင်းချင်ပေမဲ့ တောခွန် တစ်မတ်နဲ့ မြို့အဝင်လှည်းကောက်တစ်ပဲ ပေးစရာမရှိတာနဲ့ ခက်တယ် ဆရာကြီး။ ကျုပ်တို့ဘာလုပ်ရမလဲ"

"ဟုတ်တယ် ဆရာကြီး" နောက်ရောက်လာသော လယ်သမားကြီးကလည်း ...

"အလာကပ္ပချစ်တီးကလည်း သရဲမရဲ စီးနေပါပြီ၊ မောင်ပွင့်ကို မင်းမယား ငါ့ပေးရင် ကြွေးတွေလျှော်ပစ်မယ်၊ နို့မဟုတ်ရင် လှည်းနဲ့နွားသိမ်းမယ်ဆိုလို့ မြို့တက်သွားတာ အခုထိပြန်မလာသေးဘူး၊ ကျွန်တော့်မှာတော့ မယားက မလှလို့ ချစ်တီးက လယ်ကိုအတင်းပြန်သိမ်းသွားပါပြီ၊ ကျွန်တော်ဘာလုပ်ရမလဲ"

mgyoe.com

mgyoe.com


ဟု ငိုသံဝဲဝဲဖြင့် တိုင်တည်ရင်း အကြံတောင်းပြန်သည်။

"မင်းက သူ့မြေဆီခ မှန်မှန်မပေးလို့လား"

"ပေးပါတယ် ဆရာကြီး"

"ကြွေးမကျေလို့လား"

"ကြွေးလည်းမရှိပါဘူး၊ လယ်သိမ်းသွားတော့ ကျွန်တော် ဘာလုပ်စားရမလဲ ဆရာကြီးရဲ့"

"သူတို့လုပ်ချင်သလို လုပ်သမျှဟာ ဥပဒေဖြစ်နေပါကလား၊ အင်း .. သူတို့လက်ခုပ်ထဲက ရေပါပဲကွယ်"

ဆရာစံသည် လေးလေးကြီးရေရွတ်နေ၏။ လူငါးယောက်ရှိသောဝိုင်းသည် တိတ်ဆိတ်သွား၏။ ငြိမ်လည်း ငြိမ်သက်နေသော ဆရာစံအား ငေးကြည့်နေကြသည်။

"အေး.. တို့မြေပေါ်မှာပေါက်တဲ့ သစ်ဝါးကို တို့ဟာ တောပြုန်းအောင် မတရားလုပ်တာလည်းမဟုတ်ဘူး၊ တို့မြေပေါ်က သစ်ဝါးကို တို့သုံးစွဲဖို့၊ တို့စားစရာမရှိလို့ ခုတ်တာကို အခွန်တောင်းတာကတော့ တရားလွန်နေပြီ၊ တို့ငုံ့ခံနေရင် ဒီလိုပဲနေမှာ အမှန်ပဲ"

"ကျွန်တော်တို့ ဘာလုပ်ရမလဲ"

"သုံးရွာလေးရွာလောက်စုပြီး လူနှစ်ရာ သုံးရာလောက်နဲ့ အတင်း ဝါးတွေဝင်ခုတ်၊ သစ်တွေဝင်ခုတ်ရင် မကောင်းဘူးလား"

"သေနတ်နဲ့ပစ်မှာ"

"သစ်ဝါးခုတ်ရုံနဲ့ မပစ်နိုင်ပါဘူးလေ၊ တစ်ခုတော့ရှိတယ်၊ အတင်း လူအားနဲ့ဝင်ခုတ်တဲ့ သစ်ဝါးတွေကို နောက်တော့မှ လိုက်စစ်မှာ တော့ရှိတယ်၊ အဲဒီနည်းကောင်းမကောင်း ဆွေးနွေးကြည့်စမ်းပါ"

ဆရာစံသည် ညီညွတ်ခြင်းအားဖြင့် အနုနည်းပုန်ကန်ရန် နည်းလမ်းကို ရုတ်ခြည်းစဉ်းစားမိသဖြင့် ဦးစိန်ထွန်းနှင့် ရွာရှိလယ်သမား

mgyoe.com

mgyoe.com


များအား တိုင်ပင်ဆွေးနွေးခိုင်းပစ်ခဲ့လေသည်။ သူသည် အနုနည်းပုန်ကန်ရေးအတွက် ဝဲရွာသို့မပြန်သေးဘဲ ရွာစဉ်လျှောက်၍ အကြံပေးတော့၏။

လေးရက်မြောက်နေ့၌ ဆရာစံသည် ဝဲရွာသို့ ပြန်လည်ဆိုက်ရောက်လာသည်။

"ဆရာ .. ဘုန်းကြီးက ဆရာရောက်ရင်ရောက်ချင်း ကျောင်းကိုလာခဲ့ဖို့ အမိန့်ရှိထားတယ်"

ဦးဘအေး၏ဇနီးက ဆီးကြို၍ သတင်းပေးသည်။

"ဘာကိစ္စတဲ့လဲ"

"ဆေးမြစ်တစ်ခု ပြချင်ဆိုလို့ ထင်ပါရဲ့ဆရာ"

ဆရာစံသည် အိမ်ပေါ်သို့ပင် မတက်တော့ဘဲ အိမ်ဝင်းပြင်သို့ ပြန်လည်မျက်နှာမူလိုက်သည်တွင် " ဆရာ .. ခဏ" ဟု ဦးဘအေး၏ ဇနီးက လှမ်းပြောရင်း ချဉ်းကပ်လာ၏။ ဆရာစံက လှည့်ကြည့်သည်။

"ဘာများပါလိမ့်"

"မသီတာ .."

"မသီတာ ဘာဖြစ်လဲဗျ"

ဆရာစံ၏ ညင်သာသောအသံသည် မာလာသလို ထင်ရ၏။

"ဆရာဝတ်ဖို့ ပုဆိုးတစ်ထည် လာပေးသွားတယ်"

"တယ်ခက်တာကိုး၊ ခင်ဗျားက ဘာဖြစ်လို့ ယူထားလိုက်ရတာလဲ"

"ဆရာ့ကို ကြည်ညိုလွန်းလို့ သူကိုယ်တိုင် ရက်လာတာပါ ဆရာရယ်"

မသီတာဆိုသူကား အသက်သုံးဆယ်အရွယ် အပျိုကြီးတစ်ယောက်ဖြစ်ပေသည်။ ဝဲရွာသားတို့ လေးစားခင်မင်ရသော ဂုဏ်သိက္ခာနှင့် ပြည့်စုံရှိသော လယ်သမားတစ်ဦး၏ ညီမဖြစ်ပေသည်။

mgyoe.com

mgyoe.com


"ကျုပ် ဒီလိုလုပ်တာ မကြိုက်ဘူးဗျာ"

"ကျွန်မ အတန်တန်ငြင်းပါတယ် ဆရာ၊ ဆရာ စိတ်ဆိုးလိမ့်မယ်လို့လည်း ပြောပါတယ်၊ သူ ဇွတ်ထားသွားတာ"

"တယ်ခက်တာပဲ"

ဆရာစံသည် မည်သို့မျှ ဆက်မပြောတော့ဘဲ ဆရာတော်ကျောင်းဘက်သို့ ထွက်လာခဲ့လေ၏။။

"တယ်ခက်တာပဲ"

သူသည် လမ်းလျှောက်ရင်း ရေရွတ်လာ၏။

"ငါ့ကို နှောင့်ယှက်တော့မှာ ထင်ပါရဲ့" ဟူ၍လည်း တွေးတောလာမိသည်။

မသီတာသည် ဆရာစံ ဝဲရွာသို့ရောက်ရှိပြီး တစ်သီတင်းမျှအကြာမှစ၍ ဦးဘအေးအိမ်သို့ အဝင်အထွက်များလာခဲ့သည်။ ဆရာစံထံ၌ ဗေဒင်မေးသည်။ ဆေးတောင်းသည်။ တရားစကားများလည်း ဆွေးနွေး၏။

သည်ကြားကာလများ၌ ဆရာစံအတွက် ဟင်းကောင်း ကျွေးကောင်းကလေးများ ပို့လာတတ်သည်။ အိမ်သို့ပင့်ဖိတ်၍လည်း ကျွေးမွေးတတ်သည်။ ဆရာစံမှာ မသီတာ၏အစ်ကို ကိုဖိုးပြန့်နှင့်လည်း ရင်းနှီးသဖြင့် အထူးအထွေခံစားချက်မရှိဘဲ ဝင်ထွက်သွားလာခဲ့၏။

မသီတာ၏ ချဉ်းကပ်မှုများကား ဗိန္ဓောဆရာတစ်ယောက်အား ကျေးရွာသူတစ်ယောက်၏ အားထားမှုမျိုးသာဟု ဆရာစံယူဆခဲ့သည်။ မသီတာ၏ ကျွေးမွေးလှူဒါန်းခြင်းမှာ မိမိတို့ထက် တတ်သိသူများကို လေးစားကြည်ညိုခြင်းမျိုးသာ ဖြစ်သည်ဟု ဆရာစံ အမှုမဲ့ယူဆခဲ့၊ အမှတ်မဲ့ ဆက်ဆံခဲ့သော်လည်း တဖြည်းဖြည်း၌ မသီတာ၏ သဒ္ဓါတရားသည် လှူဖိတ်ခြင်းထက် ကဲမိုးလာပြီဟု ဆရာစံ သတိထားမိလာလေ၏။

mgyoe.com

mgyoe.com


သတိထားမိသည်နှင့်တစ်ပြိုင်နက် အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်က ဘာပြောသလဲ စနည်းနာရတော့သည်။ အတင်းအဖြစ်မပြောကြ။ သတင်းအဖြစ်ကား ပြောနေကြပေပြီ။

ထို့ကြောင့် ဆရာစံသည် ကိုဖိုးပြန့်၏အိမ်သို့ လုံးဝမသွားတော့သည်သာမက မသီတာနှင့် မဆုံရန်ပင် သတိကြီးစွာထား၍ ရှောင်ရှားတော့သည်။ သို့ပေမဲ့ မသီတာ၏ စားကောင်းသောက်ဖွယ်များကား ရောက်လာစမြဲ။ ခေါင်းပေါင်းပဝါ၊ ပုဆိုး စသည်များ ရောက်လာမြဲပင်။ ဆရာစံ အကြိမ်ကြိမ် တားမြစ်သော်လည်း မသီတာ မနာယူခဲ့ပေ။

မသီတာသည် ယောကျ်ားသားတစ်ယောက်အတွက် နှစ်လိုဖွယ်ကောင်းပါ၏။ စုံမက်ဖွယ်ဖြစ်ပါ၏။ သို့ရာတွင် ဆရာစံသည် မသီတာအတွက် လူဖြစ်လာခြင်းမဟုတ်။ လယ်သမား ဆင်းရဲသားတို့အတွက် မိခင်က မွေးဖွားပေးလိုက်သူသာဖြစ်သည်ဟူသော အယူအဆကို တစ်နေ့တခြား ပြင်းစွာယုံကြည်လာသော ဆရာစံသည် မသီတာအား ရှောင်ရှားပေမည်။

အမှန်မှာ ဆရာစံသည် မသီတာအတွက် မဟုတ်။ မည်သည့်မိန်းမအတွက်မျှလည်း ဟုတ်ဟန်မတူချေ။ အဘယ်ကြောင့်ဆိုသော် ဇာတိမြင်းဝန်ရွာမှ မိဘထိမ်းမြားပေးခဲ့သော ဇနီးသည်ကိုပင် အခြေခံဂျီစီဘီအေသို့ ဝင်ရောက်သည့်နေ့မှစ၍ မေ့လျော့နေခဲ့သောကြောင့်တည်း။

မသီတာနှင့် ဆက်စပ်လာသဖြင့် အမေ့ကြီးမေ့ခဲ့သော ဇနီးသည်နှင့်ကလေးကို သတိရလာ၏။ ဘီလူးကျွန်း ကမာမိုသို့ ပြန်မရောက်သည်မှာ ကိုးလကျော်ခဲ့ပေပြီ။ သို့ရာတွင် ရွာမှာနေတော့လည်း ဆရာစံသည် မယားနှင့်ကလေးကို မေ့လျော့နေသည်ပင် မဟုတ်ပါလား။

ကျောင်းဝသို့ ရောက်လာသောကြောင့် အတွေးပြတ်သွားသည်။

mgyoe.com

mgyoe.com


ကျောင်းတလင်း၌ သာမဏေတစ်ပါးသည် အမှိုက်လှည်းနေ၏။ ကျောင်းအနောက်ဘက် ငှက်ပျောပင်များကြားတွင် ဦးပဥ္စင်းတစ်ပါးသည် ကျောင်းသားအချို့နှင့် သာမဏေများအား ငှက်ပျောခြံ ရှင်းလင်းရန် ညွှန်ကြားနေ၏။

ဆရာစံသည် ဖိနပ်ချွတ်၍ ကျောင်းပရိဝုဏ်ထဲသို့ ဝင်လာသည်။ သစ်ရိုပ်ဝါးရိပ်နှင့် ပြန့်ပြူးရှင်းသန့်သော ကျောင်းအရိပ်သည် ကြည်နူးဖွယ်ကောင်းလေစွ။

"ဆရာကြီး ခရီးထွက်နေတယ်ထင်တယ်"

ဦးပဥ္စင်းက လှမ်း၍နှုတ်ဆက်၏။

"မှန်ပါ့ဘုရား"

ပြန်လည်လျှောက်တင်ပြီးနောက် ကျောင်းပေါ်သို့တက်ခဲ့သည်။

ဆရာတော်သည် ပုရပိုက်တစ်ဆူကို ခါးပန်းပေါ်တင်၍ ဖတ်ရှုနေ၏။ ဝင်ရောက်ဝတ်ဖြည့်နေသော ဆရာစံကို မော့ကြည့်ပြီး ပုရပိုက်ကို ဘေးချထားသည်။

"ကျန်းခန့်သာလို့ မာပါစဘုရား"

"အေး .. ဆွမ်းစားလို့မရဘူး ဒကာ၊ ကျိန်းလို့လည်းမရဘူး၊ ဒါကြောင့် အခေါ်လွှတ်တာ"

"မှန်ပါဘုရား၊ ခေါင်းထဲကရော .. ရှင်းပါရဲ့လား"

"ခေါင်းကတော့ နောက်လိုက်ကြည်လိုက်ပဲ ဆရာစံရေ့"

"မှန်ပါ့ဘုရား"

ဆရာစံသည် တစ်စုံတစ်ရာ လျှောက်ထားမည်ပြုပြီးမှ ခေါင်းထောင်၍ နားစွင့်လိုက်၏။ မောင်းထုသံပင်တည်း။

"ဘာသံများပါလိမ့်"

ဆရာတော်ဘုရားသည်လည်း ကြားလိုက်မိဟန်ဖြင့် နားစွင့်နေ

mgyoe.com

mgyoe.com


သည်။

"မောင်းသံမဟုတ်လား"

"ဟုတ်ပါတယ်ဘုရား၊ မောင်းသံပါ"

"မောင်းသံဆိုရင် မကောင်းဘူး ဒကာဆရာစံ၊ ခုနစ်ရက်သားသမီး ကိုယ်စိတ်ဆင်းရဲစေမယ့် ကိစ္စတစ်ခုခုတော့ ဖြစ်ဦးမယ်ထင်တယ်"

"မှန်ပါ့ဘုရား၊ ဒီအတောအတွင်းမှာတော့ သသမေ၀အခွန် ဖြစ်ပါလိမ့်မယ်ဘုရား"

"အင်း .. မကောင်းသတင်း မကြားရပါစေနဲ့လို့ မေတ္တာပို့ရတော့ မှာပဲ"

သသမေ၀ ဆိုရုံမျှဖြင့် ဆရာတော်ဘုရား၏မျက်နှာသည် ညှိုးနွမ်းသွားလေ၏။

"လှည်းလမ်းကူးရွာမှာတော့ ရွာသားသုံးယောက် သစ်ဝါးဝင်ခုတ် ပြီး တစ်မတ်မဆောင်နိုင်တာနဲ့ ရုံးတင်တရားစွဲတာ၊ ဒဏ်ငွေ တစ်ဆယ် တပ်တယ် ကြားခဲ့ရပါတယ်ဘုရား"

"ဟဲ့ .. ခွေးထက်မိုက်တဲ့ တရားသူကြီးပါလား၊ တစ်မတ် မဆောင်နိုင်လို့ ရုံးရောက်လာခါမှ ဒင်းဒဏ်ငွေတစ်ဆယ်ကို ဘယ်လိုလုပ် ပြီး ဆောင်နိုင်ပါ့မလဲ"

"တပည့်တော်တို့လူမျိုးတော့ ခွေးလုံးလုံးဖြစ်ပါပြီဘုရား"

ဆရာစံသည် တုန်ယင်စွာ ရေရွတ်လျက် ကျောင်းပရ၀ုဏ်ဝသို့ ငေးနေလေ၏။ သူ၏မျက်လုံးအစုံမှာ ကျောင်းဝင်းထဲသို့ ဖိနပ်မချွတ်ဘဲ ဝင်လာသောသူများကို မြင်လိုက်ရသဖြင့် ပြူးကျယ်သွားလေ၏။ မြို့ပိုင် ကိုခြံရုံလိုက်ပါလာသည့် သူကြီးသည် လေးဘက်ထောက်မတတ် ကိုင်း ရှိုင်းကုန်းကွပြီး နောက်ပါးမှပါလာ၏။ သူကြီးနောက်ပါးတွင်မူ သူကြီး ကပ်ပါးအချို့နှင့် ဝဲရွာသားများသည် တန်းလျားထိုင်ခုံ၊ ထိုင်ခုံနှင့် စားပွဲ

mgyoe.com

mgyoe.com


တစ်လုံးကို ထမ်းပိုးသယ်ယူလာကြ၏။

မြို့ပိုင်သည် ဆရာတော်ထံ မည်သို့မျှ လျှောက်ထားပန်ကြားခြင်းမရှိဘဲ ကျောင်းတလင်း၌ ခံ့ညားစွာ ရုံးစိုက်လိုက်သည်။ ရွာသူရွာသားများကား ကျားစားခံရန်လာရသော ယုန်သူငယ်တို့၏ အသွင်ဖြင့် အလျှိုအလျှိုရောက်လာကြ၏။ ဟိုလူ့မျက်နှာကြည့်လည်း တညှိုးညှိုး။ ဒီလူ့သွင်ပြင်ကြည့်လည်း တနွမ်းနွမ်းနှင့်။

ဆရာစံသည် နှုတ်ခမ်းစေ့လျက် စိန်းစိန်းကြီး ငုံ့ကြည့်နေမိသည်။

အတန်ကြာလျှင် သူကြီးသည် ဆယ်အိမ်ခေါင်းများနှင့် ခေါင်းချင်းဆိုင် တိုင်ပင်ပြီးနောက် မြို့ပိုင်နှင့်တူသူအား ရိုသေစွာ ရှိခိုး၍ တစ်စုံတစ်ရာ တင်လျှောက်လေ၏။ မြို့ပိုင်သည် ဆတ်ခနဲ ထရပ်သည်။ ကုန်းကုန်းကလေး ထိုင်နေကြသော ရွာသားများအား လျင်မြန်စွာ ဖြန့်ကြည့်၏။

"မောင်မင်းများရွာက သဿမေဓအခွန်တော် စုံစေ့စွာ မပေးဆောင်ကြဘူးလို့ ကျွန်ုပ်သိရတယ်၊ အခွန်တော်မပေးဆောင်တာဟာ ကျွန်ုပ်တို့အရှင်သခင် ဂျော့ဘုရင်မင်းမြတ်အား မလေးစားရာရောက်တယ်။ ဒါကြောင့် သဿမေဓအခွန်တော် ပေးဆောင်ကြရမယ်၊ အခုမောင်မင်းတို့ရွာမှာ အခွန်တော်မပေးသေးတဲ့လူတွေ အများကြီးရှိနေတယ်၊ ဘာကြောင့်မပေးသလဲ ပြောပါ"

မြို့ပိုင်မင်းသည် ထိုင်၏။

ရာဇဝတ်အုပ်သည် စာရွက်တစ်ရွက်ယူ၍ ဖတ်ကြည့်ကာ အမည်ကို ခေါ်သည်။

"ငဖိုးဆယ်"

အသက်ခုနစ်ဆယ်အရွယ် အဘိုးကြီးသည် တောင်ဝှေးကိုင်လျက် တုန်တုန်ယင်ယင်ကြီး ထရပ်ရလေသည်။

mgyoe.com

mgyoe.com


"ငဖိုးဆယ်၊ မောင်မင်း ဝံသာနုလား၊ အခွန်တော် ဘာကြောင့် မပေးသလဲ"

"ကျွန်တော်မျိုးကိုပင် ဟိုကကျေး၊ ဒီက ပေးနေရပါတယ် ဘုရား၊ သဿမေဓ ဆောင်စရာမရှိပါဘူး"

"အိုနာစာ စုဆောင်းထားတာ မရှိဘူးလား၊ အဲဒါထုတ်ပေးပါ"

"မရှိကြောင်းပါဘုရား"

မြို့ပိုင်မင်းသည် ရာဇဝတ်အုပ်မင်းအား လှမ်းကြည့်လိုက်သည့် ခဏ၌ အဘိုးဦးဆယ်မှာ စစ်ပုလိပ်တို့ကြားတွင် ကန့်လန့်ကန့်လန့်ပါ လာလေ၏။ ပုလိပ်များသည် ဦးဖိုးဆယ်အား မြို့ပိုင်၏စားပွဲနား အရောက်တွင် ကျောကို ဆောင့်ကန်လိုက်ကြရာ ဦးဖိုးဆယ်မှာ မြို့ပိုင်ရှေ့ ၌ ဒူးတုပ်လျက်သား ကျသွားလေ၏။

"ငကျုန်"

ရာဇဝတ်အုပ်က နောက်တစ်ယောက်အမည်ကို ခေါ်ပြန်သည်။ အသက်လေးဆယ်အရွယ် ပိန်လှီလှီလူတစ်ယောက်သည် မျက်နှာငယ် ကလေးဖြင့် ထရပ်၏။

"ငကျုန်၊ မောင်မင်း အခွန်တော် ဘာကြောင့် မဆောင်သလဲ"

"ကျွန်တော်မျိုးရဲ့ လယ်ထွက်စပါးအားလုံးနဲ့ လှည်းနွားကိုပါ အလာကပွဲ ချစ်တီးသိမ်းသွားလို့ ကျွန်တော်မျိုးရဲ့ သားမယားမှာ ငတ်နေ ကြပါပြီ၊ အခွန်တော် ပေးဆောင်စရာမရှိပါဘူး သခင်"

"ချစ်တီးက အစိုးရလား၊ ငါတို့က အစိုးရလား"

"သခင်တို့က အစိုးရပါ"

"ချစ်တီးပေးစရာရှိရင် ကျွန်ုပ်တို့အစိုးရကိုလည်း ပေးနိုင်ရမယ်"

"မရှိပါဘူးဘုရား"

ကိုကျုန်သည် အရိုက်အနှက်ခံရပြီးနောက် မြို့ပိုင်စားပွဲဘေးသို့

mgyoe.com

mgyoe.com


သွေးအလိမ်းလိမ်းဖြင့် ရောက်ရှိလာလေ၏။ ယင်းသို့ဖြင့် ရွာရှိအိမ်ထောင် ပေါင်း ငါးပုံလေးပုံမျှသော အိမ်ထောင်ဦးစီး လူလေးဆယ်ခန့်မှာ သသမေဓ အခွန်မဆောင်နိုင်သူများအဖြစ် ထွက်လာလေ၏။

ထိုလူလေးဆယ်ခန့်ကို တန်းစီခိုင်းပြီး နေလုံးကြီးကို မော့ကြည့် ခိုင်းလေသည်။

"မျက်စိမမှိတ်ရဘူး၊ ခေါင်းမငုံ့ရဘူး"

ရာဇဝတ်အုပ်မင်းက အမိန့်ထုတ်လိုက်၏။ ပုလိပ်သားများသည် ရွာသားများ၏နောက်မှ ရပ်လျက် အသင့်စောင့်ကြပ်နေကြ၏။

အချိန်မှာ နေ့လယ်နှစ်နာရီခန့်ရှိပေပြီ။ မည်သည့်အချိန်တွင်ဖြစ် စေကာမူ မည်သူသည် ပူပြင်းတောက်ပသော နေဝန်းကို ကြာရှည်ကြည့် နိုင်ပါမည်နည်း။ အပူဒဏ်နှင့် အလင်းဒဏ်မခံနိုင်သောကြောင့် ခေါင်းငုံ့ သူကို နောက်မှစောင့်နေသူက တုတ်ဖြင့်ရိုက်၍ မငုံ့ဝံ့သဖြင့် မျက်လုံးမှိတ် သွားသူအား ရှေ့မှစောင့်ကြည့်နေသူက ကျာပွတ်ဖြင့်ရိုက်၏။

"သြော် မမြင်ချင်၊ မကြားချင်တာမှ တွေ့မြင်နေရပါပေါ့လား၊ ဒကာဆရာစံရယ်၊ ဘုရား.. ဘုရား .. မေတ္တာတရားကင်းမဲ့လှချေတကား"

ဆရာတော်ဘုရားသည် စိတ်မချမ်းမြေ့စွာ မြည်တမ်းရင်း တစ်ဖက်သို့ မျက်နှာလွှဲနေတော်မူ၏။ ဆရာစံမှုကား အံကြိတ်လျက် နီသောမျက်စိဖြင့် စိုက်ကြည့်နေပေသည်။

"ဘုရား .. ဘုရား ..၊ သတ္တဝါအပေါင်း ချမ်းသာကြပါစေ"

ဆရာတော်ဘုရားသည် မျက်နှာလွှဲလျက် မေတ္တာပို့နေ၏။ မမြင်ရက်မရှုရက်၍ မျက်နှာလွှဲနေသော်လည်း မကြားရဘဲကားမနေရ။ ကြားလိုက်ရ၏။

"မောင်မင်းတို့ဟာ ဗြိတိသျှအစိုးရမင်းများကို မလေးမစားမလုပ် ကြနဲ့၊ အခွန်တော်ကို အမြန်ဆုံး ပေးဆောင်ကြရမယ်၊ ကျွန်ုပ်တို့ဟာ.."

mgyoe.com

mgyoe.com


ရာဇဝတ်အုပ်မင်း၏ အသံပေတည်း။

"ကျွန်ုပ်တို့ဟာ အသင်တို့အား အစိုးရသော အရှင်သခင်များဖြစ်တယ်၊ အသင်တို့ကိုသာမဟုတ်၊ အသင်တို့ကိုးကွယ်သော ဘုရားကိုလည်း အစိုးရတယ်၊ ဟိုမှာကြည့်ကြစမ်း ..."

မည်သည့်အချိန်က ကျောင်းဦးသိမ်တွင်း ရောက်နေသည်မသိသော စစ်ပုလိပ်အချို့သည် ကြီးမားသော ဆင်းတုတော်ကြီးတစ်ဆူကိုလည်ပင်းမှ ကြိုးတပ်၍ ဆွဲချလာကြလေ၏။ ဆင်းတုတော်အောက်ပိုင်းနှင့် ပလ္လင်မှာ လှုပ်ရှားခြင်းမရှိသော်လည်း လည်ပင်းမှာ မြေပေါ်သို့ပြုတ်ကျသွားသည်။

ရာဇဝတ်အုပ်သည် အောင်မြင်ခဲ့ညားစွာ ရယ်မောလိုက်လေ၏။

"မြင်ကြရဲ့လား၊ ကျွန်ုပ်တို့အား သင်တို့ရဲ့ဘုရားပင်လျှင် ကြောက်ရွံ့ရသည်"

ထိုအခိုက်တွင် ဦးပဉ္စင်းသုံးပါးသည် ကျောင်းပေါ်မှ ဓား၊ သံတုတ်များဆွဲ၍ ပြေးဆင်းလာကြသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေ၏။

"တစ်ခါဖြင့် ခက်ကုန်တော့မှာပဲ"

"ဟဲ့ .. လုပ်ကြပါဟ၊ ဆွဲကြပါဟဲ့"

သက်ရွယ်ကြီးရင့်သော ရွာသားကြီးများက ငိုသံကြီးဖြင့် အော်ဟစ်၍ လူရွယ်များက ရဟန်းပျိုများအား တားဆီးချုပ်နှောင်၍ ကျောင်းပေါ်သို့ တွန်းပို့လိုက်ကြ၏။ စစ်ပုလိပ်များကား ရဟန်းပျိုများကို ပစ်ခတ်ရန် သေနတ်များကို မောင်းတင်ထားကြသည်။

"ဟား ဟား ဟား ဟား ...၊ လက်နက်စကြာသခင် ဗြိတိသျှအစိုးရမင်းကို အံတုမယ်မကြံကြနဲ့၊ မောင်မင်းတို့ရဲ့ ဘုရားလည်း ဘာမှမတတ်နိုင်ဘူး၊ ဟား ဟား ဟား ဟား ...၊ ဟိုမှာ ငါတို့ ကြိုးမိန့်ပေးလိုက်တာ ခေါင်းပြတ်သွားပြီ .. ဟား ဟား ဟား ဟား ဟား ဟား

mgyoe.com

mgyoe.com


ဟား ဟား ဟား ...”

ဘုရားရုပ်ပွားတော် စော်ကားသည်ကို ကြည့်ရသူများ မျက်ရည်တရွဲရွဲဖြင့် ကြည့်နေရသလို နေလုံးကြည့်သူများမှာလည်း တဗုန်းဗုန်းပုံလဲနေကြ၏။ မူးမိုက်နောက်ကျိပြီး လဲကျနေသူများမှာ စစ်ဖိနပ်ဖြင့် အကန်ခံကြရသည်။ သေနတ်ဖြင့် အဆောင့်ခံကြရသည်။ ထို့နောက်ချက်ချင်းပြန်ရုပ်ကာ ပြန်ကြည့်ရပြန်၏။

အဘိုးဦးဖိုးဆယ်။

သူကား စောစွာလဲကျသူတည်း။ မည်မျှပင်ကန်စေတော့၊ မလှုပ်ပြီ။ မည်မျှပင်ရိုက်စေတော့၊ မနာပြီ။ အဘိုးဦးဖိုးဆယ်ကား လဲကျသည်နှင့်တစ်ပြိုင်နက် စစ်ဖိနပ်အောက်၌ အသက်ပျောက်သွားပြီတည်း။

❑

mgyoe.com

mgyoe.com

# (၅)

"ဒီကောင်တွေကို ပြန်တိုက်မှဖြစ်တော့မယ် ဦးဘအေး"

"ဟာ .. တကယ်ပြောတာလား ဆရာကြီး"

ဦးဘအေးသည် ဝမ်းသာအားရ ထခုန်မတတ် ဖြစ်သွားကာ မေး၏။

ဆရာစံသည် ဦးဘအေးကို မကြည့်။ တစ်စုံတစ်ရာကို အာရုံစူးစိုက်ကြည့်ရှုနေဟန်ဖြင့် ငြိမ်သက်စွာ ပြောနေလေသည်။ ဆရာစံ၏ အကြည့်သည် လေးနက်၍ မျက်နှာထားသည် တည်ငြိမ်နေ၏။

"ဘယ်တော့ချမလဲ ဆရာကြီး"

ဦးဘအေးက ထပ်မေး၏။

"ဖြစ်နိုင်ရင် အခုချက်ချင်းပဲလေ၊ သို့သော်လည်း အစီအစဉ်တော့ အမြန်ဆုံးလုပ်မှပဲဖြစ်မယ်"

ဆရာစံသည် အိမ်အတွင်းသို့ လှမ်းကြည့်၏။

"သန်းငွေလား ဆရာကြီး၊ ဘာခိုင်းချင်လို့လဲ၊ ရေခပ်ထွက်သွားတယ်"

"မဟုတ်ပါဘူး၊ ရှေ့တိုးပါ ဦးဘအေး၊ ကျုပ်တို့ သူပုန်ထဖို့

mgyoe.com

mgyoe.com


အတွက် ပထမဆုံးအဖွဲ့ကလေးတစ်ဖွဲ့ ဖွဲ့ရလိမ့်မယ်၊ သူပုန်ထဖို့ဆိုတာ လေသံမျှမဟနဲ့နော်၊ အဲဒီအဖွဲ့ဖွဲ့ပြီးမှ သူတို့သဘောထားကို တီးခေါက်ကြည့်ရဦးမယ်"

"ကောင်းပါတယ် ဆရာကြီး"

"အဲဒီအဖွဲ့ကို ဖွဲ့စည်းရင်း လှို့ဆော်ရမယ်၊ အလျင်စလိုလုပ်လို့ မရဘူး၊ သတိထား"

"ဟုတ်ကဲ့ ဆရာကြီး"

"ခင်ဗျားက ဖားရွှေကျော်၊ အင်းကောက်ကြီး၊ အင်းကောက်ကလေး၊ ရေတိုက်၊ သင်တောရိုး၊ သဲဖြူမှာရှိတဲ့ ကျုပ်တို့လူတွေဆီကို သွားပါ၊ အချိန်ရရင် သံလမ်းအနောက်ဘက်ကိုလည်း ကူးခဲ့"

ဆရာစံသည် လမ်းမဘက်သို့ လှမ်း၍လှမ်း၍ ကြည့်နေသေး၏။

"လက်ရှိအခြေအနေက လွတ်မြောက်ရာလွတ်မြောက်ကြောင်း လမ်းကောင်းကို ရှာဖွေမယ့်အဖွဲ့လို့သာ ပြောဗျာ၊ အရန်သင့် ပြင်ဆင်ထားကြပါစေ"

"အဖွဲ့နာမည်ရော မပေးလိုက်ဘူးလား ဆရာကြီး"

"အေးလေ .."

ဆရာစံသည် အိပ်ရာဘေးရှိ ဆေးကျမ်းများ၊ လုတ်ရတ်ကျမ်း ပုရပိုက်စာပေများနှင့် ဆေးပုလင်း၊ ဘူးခွက်များကို လှမ်းကြည့်နေသည်။ ဆေးကျမ်း၊ ဗေဒင်ကျမ်းများအလယ်တွင်ကား သုတ်မဟာဝါပါဠိတော် ဓကထာ(အဋ္ဌကထာ) ကျမ်းက စာတင်ခုံဖြင့် သီးခြားဖွင့်လျက် တန်းလန်းရှိနေ၏။

"ဟုတ်ပြီ၊ စနေနံ နဂါးဖြစ်တဲ့ အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ခိုက်မယ့်အဖွဲ့ဟာ နဂါးကိုနိုင်တဲ့အဖွဲ့ဖြစ်ရမယ်၊ နဂါးကိုနိုင်တာဟာ ဂဠုန်ဖြစ်တယ်၊ ဂဠုန်အဖွဲ့၊ ဟုတ်တယ် .. ဂဠုန်အဖွဲ့"

mgyoe.com

mgyoe.com


"ကောင်းပါတယ် ဆရာကြီး"

"ဂဠုန်ဆိုတာ ငှက်တို့ရဲ့ဘုရင်လည်းဖြစ်တယ်၊ ရွှေအဆင်းရှိတဲ့ အတောင်နဲ့တကွ တောင်ဟုန်သံပေးရင် ယူဇနာ ၁၅၀ မှာ မုန်တိုင်းကျတယ်လို့ အဠကထာကျမ်းများကဆိုတယ်၊ ကျုပ်တို့အဖွဲ့ဟာလည်း အင်္ဂလိပ်ကိုနှိမ်ပြီး ကမ္ဘာကိုပါ မွှေနှောက်ချောက်ချားမယ့်အဖွဲ့ဆိုတော့ ဂဠုန်၊ ဟုတ်ပြီ .. ဂဠုန်"

"ကောင်းပါတယ် ဆရာကြီး၊ သိပ်ကောင်းတာပဲ၊ ကျွန်တော် အခုပဲသွားတော့မယ်"

ဦးဘအေးမှာ သူပုန်ထရတော့မည်ဆိုသဖြင့် စပါးဈေး ငါးရာဖြင့် ရောင်းလိုက်ရဘိအလား ဆွေ့ဆွေ့ခုန်ဝမ်းသာနေလေ၏။

"ဒီလိုက္ကန္ဒြေမဲ့လို့ မဖြစ်ဘူးလေ၊ ထမင်းစားပြီးမှ အေးအေးဆေးဆေးသွားပါ၊ ကျုပ်လည်း စည်နှစ်ခွတို့၊ ဇိမ်ဇာတို့ဘက်ကို သွားမှာပဲ"

သို့ရာတွင် ဦးဘအေးမှာ ထမင်းစားမဝင်အောင် ဝမ်းသာလွန်းနေသည်။ ထမင်းစားသောက်ပြီးနောက် ဦးဘအေးသည် တုတ်ကလေးတစ်ချောင်းကိုကိုင်ကာ ထွက်သွားလေ၏။ ဆရာစံကား အိမ်ဦးခန်းတွင် ထိုင်၍ စာရေးနေခဲ့သည်။

"ဆရာ"

ဦးဘအေးဇနီး ဒေါ်သန်းငွေအသံမဟုတ်ပေ။ ဆရာစံက ဖြည်းညင်းစွာ မော့ကြည့်သည်။

"မသီတာပါကလား၊ ထိုင်ပါလေ"

မှန်ပေသည်။ မသီတာဖြစ်၏။ မသီတာသည် ဆရာစံအား ပြုံးချိုသောမျက်နှာဖြင့် ငေးကြည့်နေသည်။ ဆရာစံက စာရေးမြဲဆက်ရေးနေသည်။

"မသီတာပေးတဲ့ လုံချည်ရလား ဆရာ၊ မသီတာလေ .. ဆရာ

mgyoe.com

mgyoe.com


ဝတ်စေချင်လွန်းလို့"

"အင်း .. ရပါတယ်၊ ဒါပေမဲ့ မသီတာ၊ ဆရာဟာ ဒါတွေ မလိုချင်ပါဘူး။ ညီအစ်ကိုလို မောင်နှမလို ခင်မင်နေရရင် ကျေနပ်ပါပြီ၊ ဆရာ့ဆီကဆေးတွေကို ပေးနေရရင် ကျေးဇူးတင်လှပါပြီ"

"ဒါတွေကြောင့် ဆရာ့ကို ကြည်ညိုရတာပဲ၊ မသီတာလေ .. ဆရာ့ကို ဘယ်လိုကြည်ညိုမှန်းမသိဘူး၊ တစ်မျိုးကြီးပဲ၊ အိုလေ .."

မသီတာသည် ရင်ထဲရှိသမျှကို ပြောခြင်းမဟုတ်။ အထိန်းလေး၊ အချုပ်လေးဖြင့် ပြောလိုက်ခြင်းဖြစ်သော်လည်း မိမိဘာသာမိမိ လွန်သွားလေပြီလားဟု ရှက်သွေးလေးမစို့တစို့ဖြင့် ခေါင်းငုံ့သွား၏။ ဆရာစံက စာရေးရပ်ထားသည်။

"မသီတာလည်း ငယ်တော့တာမှမဟုတ်ဘဲလေ၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ပါပြီ။ ဆရာလည်း အသက် ၅၄ နှစ်ရှိနေပြီ။ သင်္ချိုင်းခြေတစ်ဖက်လှမ်းတဲ့အရွယ်လို့ ခေါ်ရင်ခေါ်နိုင်ပြီ မသီတာ"

"ဒါကြောင့် မသီတာ သနားတာပဲဆရာ၊ ဆေးပေးမီးယူမရှိ၊ ပြုစုမယ့်လူမရှိဘဲ ရွာစဉ်လျှောက်ပြီး ဆေးအလကားပေးတယ်၊ ဆင်းရဲသားတွေရဲ့ အကျိုးဆောင်ရွက်နေတယ်ဆိုတော့ ဆရာနာမကျန်းရင် ခက်ရချေရဲ့ဆရာရယ်"

ဆရာစံသည် စာအုပ်ကိုပိတ်၍ ထရပ်လိုက်သည်။ ဆေးလွယ်အိတ်ကို ကောက်လွယ်ကာ ...

"မသန်းငွေ၊ ကျုပ် စည်နှစ်ခွဘက် သွားဦးမယ်"

ဟု မီးဖိုဘက်သို့ လှမ်းပြောသည်။ တစ်ဖန် မသီတာအား ငုံ့ကြည့်ပြီး ...

"မောင်ဖိုးပြန့်ရော .. နေကောင်းရဲ့မဟုတ်လား၊ သွားဦးမယ်"

ဟု နှုတ်ဆက်၍ ဆင်းလာခဲ့သည်။

mgyoe.com

mgyoe.com


စည်နှစ်ခွရွာထဲမှ ငိုကြွေးသံ၊ အော်ဟစ်သံများက ဆရာစံအား ဆီးကြိုနှုတ်ဆက်လေ၏။

ဆရာစံ၏နှုတ်ခမ်းသည် စေ့သွား၏။ သွားလေရာအရပ်၌ လယ်သမားတို့၏ သွေးသော်လည်းကောင်း၊ မျက်ရည်သော်လည်းကောင်း စီးဆင်းနေသည်။ သူကအံ့အားမသင့်။ ကြားရသဖြင့် ရိုးနေပေပြီ။ သို့သော် မျက်လုံးများ တောက်ပြောင်နေသည်။

"သသသမေခလားဗျ"

ငိုသံပွက်လောရိုက်၍ ရုတ်ရုတ်သဲသဲဖြစ်နေသောဘက်မှ လာသူ တစ်ယောက်ကိုတွေ့ရသဖြင့် ဆရာစံက မေး၏။

"ဟို ဗိုက်ပူချစ်တီးကြီးရဲ့ ကိုယ်စားလှယ်လေ၊ စံအောင်၊ ထွန်းသာ၊ ငကြွားတို့အိမ်ကို လာသိမ်းတာ"

"ဩ .. ဩ၊ မြွေကလည်းပူ ကင်းကလည်း မှောင့်နေတာကိုး"

"သေတာပဲကောင်းပါတော့တယ် ဆရာကြီးရယ်"

ထိုသူက ခေါင်းကုတ်၍ မျှော်လင့်ချက်ကင်းမဲ့စွာ ညည်းတွား၏။

"ဘာဖြစ်လို့ သေရမှာလဲဗျ၊ ခင်ဗျား စာမရှိသေး၊ မြန်မာ့သွေး မဟုတ်ဘူးလားဗျ၊ သူတစ်ပါး အနှိပ်စက်ခံရလို့ သေတာဟာ ရှက်စရာ ကောင်းလိုက်လေ"

"မခံနိုင်လို့ ထချရအောင် ကျုပ်တစ်ယောက်တည်း သေသွားမှာ ဆရာကြီး"

"ဒါပဲရှိတော့တာပဲ"

လယ်သမားကြီးသည် နောက်ဆုံး၌ ပုန်ကန်ရန် လမ်းစဉ်ကို မလွှဲမရှောင်သာ လက်ခံ၍ ကျန်ရစ်ခဲ့သည်။ ဆရာစံက လူအုပ်စုစုဘက်သို့ ဆက်လျှောက်လာ၏။

"အမေရေ .. ကျုပ်တို့နွားလေးယူသွားပြီ၊ ကုလားကြီး ပြန်ပေး

mgyoe.com

mgyoe.com


ပြန်ပေး"

ငါးနှစ်သား ကလေးငယ်တစ်ယောက်သည် ချစ်တီးတစ်ယောက် လက်ထဲမှ နွားပေါက်ကလေးကို အတင်းဝင်လုရ၏။

"ကောင်ဂလေး .. တွား .."

အလာကပွဲချစ်တီး၏ကိုယ်စားလှယ် ချစ်တီးက ကလေးငယ်ကို တွန်းပစ်ခဲ့ရာ ချစ်တီးအစောင့်အရှောက်အဖြစ် လိုက်ပါလာသော ပုလိပ်က ကလေးငယ်ကို ခါးမှကိုင်မြှောက်၍ မြေပေါ်သို့ ပေါက်ချလိုက်လေ၏ ။

ချစ်တီးကိုယ်စားလှယ်သည် အိမ်ကိုဖျက်၍ တိုင်ပါချွတ်ယူသည်။ ကောက်ရိုးပုံ၊ လှည်း၊ နွားနှင့် စားအိုးစားခွက်ပါမကျန် သိမ်းကျုံး၍ လှည်းပေါ်တင်နေလေ၏။

စံအောင်၏မယားသည် ကလေးကိုပြေးပွေ့၍ ချုံးပွဲချငိုကြွေး နေလေ၏။

ဟိုဘက်တွင်မူ ထွန်းသာနှင့် ငကြွားတို့မှာ မဟာကပ်ကြီးဆိုက် နေပြန်ချေသည်။

"ဒီစောင်ကလေးတော့ သနားခဲ့ပါ ဘာဘူကြီးရဲ့၊ ကလေးတွေ ခြုံစရာမရှိလို့ပါ"

အသက်အစိတ်အရွယ် အမျိုးသမီးသည် ချစ်တီး၏လက်ထဲမှ စောင်ကို အတင်းလိုက်ဆွဲနေ၏။

"ဟော့ .. လွှတ် .. လွှတ်နော်"

ချစ်တီးက ကြိမ်းမောင်းရင်း အတင်းဆွဲသည်တွင် အမျိုးသမီးကြီး က စောင်စုတ်ကိုမလွှတ်ဘဲ မြေပေါ် တရွတ်တိုက်၍ လိုက်ပါသွားသည်။ ချစ်တီးသည် အမျိုးသမီးကြီး၏ရင်ဝကို ခြေဖြင့်ကန်၏။

"ရှိခိုးပါရဲ့ ဘာဘူကြီးရယ်၊ ဒါလေးတော့ ပြန်ပေးခဲ့ပါ"

mgyoe.com

mgyoe.com


စောင်စုတ်ကိုကား မလွှတ်။ တအွတ်အွတ် အကန်ခံပြီး သနားစဖွယ်တောင်းပန်ရှာသည်။

"မလွှတ်ဘူးနော်၊ ကဲဟာ .. ကဲဟာ ..."

ချစ်တီး စိတ်ဆိုးလာပြီ။ အမျိုးသမီးကြီး၏မျက်နှာကို ခြေဖြင့်ဆောင့်၍ ဆောင့်၍ကန်လိုက်သည့်ခဏ၌ အမျိုးသမီးကြီးမှာ ပက်ခနဲလန်ကျသွားလေ၏။ သို့ဖြစ်သည့်တိုင်အောင် အမျိုးသမီးကြီးကားမလျှော့သေးပေ။ ချစ်တီးရှေ့သို့ ပြေးသွားကာ လက်အုပ်ချီ၍ မော့ကာမော့ကာ တောင်းပန်သည်။

"တစ်ပြားမှမတန်ပါဘူး ဘာဘူကြီးရယ်၊ စောင်စုတ်ကလေး ပြန်ပေးခဲ့ပါ"

တစ်ဖန် ချစ်တီး၏ခြေထောက်ကို မိမိ၏ဆံပင်ဖြင့် ပွတ်ပြန်သည်။ ချစ်တီးကမူ မတုန်လှုပ်။ ကရုဏာမသက်။ အိမ်လုံးပြောင်အောင်သယ်ပြီးနောက် အိမ်ကို စတင်ဖျက်လေတော့သည်။

အိမ်ထရံတစ်ချပ် အိခနဲ ကွာကျလာသည်နှင့် တစ်ပြိုင်နက်သေနတ်သံတစ်ချက် ပေါ်လာပြီး ထွန်းသာမှာ အားခနဲအော်၍ လဲကျသွားလေ၏။ ထွန်းသာ၏အိမ်ကို ချစ်တီးကုလားများ တက်ဖျက်သောကြောင့် ထွန်းသာ မခံမရပ်နိုင်တော့ဘဲ ဓားဖြင့်ပြေးအခုတ်တွင် အစောင့်ပါလာသော စစ်သားက ပစ်ချလိုက်ခြင်းဖြစ်၏။

"ထမင်းဝဝစားကြပေ့ .. နင်တို့ကို ..."

ထွန်းသာမှာ သွေးပွက်ထဲတွင် လူးလိမ့်ကြုံးဝါးရင်း လက်ထဲမှ ဓားလွတ်ကျသွားသည်။ နောက် ငြိမ်သက်သွားလေ၏။

ဆရာစံသည် လူအုပ်ထဲမှ ပြေးထွက်လာကာ ထွန်းသာအား ပွေ့လိုက်သည်။ ထွန်းသာကား အသက်မရှိတော့ပြီ။

"အမယ်လေး .. ကိုထွန်းသာရေ၊ အဖြစ်ဆိုးလှချည်လားဟင်"

mgyoe.com

mgyoe.com


ထွန်းသာမယား မယ်အိမ်မှာ မြေပေါ်တွင် လှိမ့်၍လှိမ့်၍ ငိုသည်။

"အမယ်လေး ... စပါးသုံးရာရတာကို မြေဆီခ နှစ်ရာယူသတဲ့၊ ကြွေးကလေးငါးဆယ်ချေးဖူးတာအတွက် စပါးတစ်ရာ ယူလို့လည်းမပြီး၊ လှည်းနွားသိမ်းလို့လည်းမအေး၊ အမယ်လေး .. အခုတော့ လူပါယူသွားပါပေါ့လား"

ဆရာစံသည် ထွန်းသာကို ချထားခဲ့၏။ မြင်လိုက်ရသူတိုင်းမှာ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေကြသည်။ လူတိုင်း တက်တခေါက်ခေါက်ဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကြ၏။

"သေတာပဲ အေးပါတယ်"

"ဘယ်လို .. ဘယ်လို ..."

လူအုပ်ထဲမှတစ်ယောက်က ရေရွတ်လိုက်သဖြင့် ဆရာစံက လှည့်မေးခြင်းဖြစ်၏။

"သူတို့လုပ်သမျှကို ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ နွားကြီးလိုခံနေရမယ့်အတူ သေတာပဲ အေးရောမဟုတ်လား ဆရာကြီးရယ်"

"ဒင်းတို့လုပ်သမျှ ငုံ့မခံချင်ရင် ရွာခေါင်းအိမ်သွားကြ၊ သူ့အိမ်မှာ ဂဠုန်အဖွဲ့အကြောင်းကို သွားမေးပြီး ကြိုက်ရင်ဝင်"

စည်နှစ်ခွရွာခေါင်းကား သာသနာ့ဝေပုလ္လ ဝံသာနုအသင်း၏ ဥက္ကဋ္ဌပေတည်း။

ဆရာစံသည် စည်နှစ်ခွရွာခေါင်းအား ပြောသင့်သမျှ ပြောပြခဲ့ပြီးနောက် ဦးတိုရွာဘက်သို့ ကူးခဲ့သည်။ ဦးတိုရွာမှာလည်း လယ်သမားရွာပင်ဖြစ်သောကြောင့် ရွာမြောက်ဖျား၌ ရင်းတို့က နှိပ်စက်ကာ ရွာတောင်ဖျား၌ ချစ်တီးတို့က နှိပ်စက်စော်ကားနေ၏။ ရွာလယ်ပိုင်းတွင်မူ မြန်မာအမျိုးသားမြေရှင်နှင့် ချစ်တီးကုလားမြေရှင်တို့ ပူးပေါင်းမွှေနှောက်နေ၏။

ထိုရွာတွင် ညအိပ်ကာ ဂဠုန်အဖွဲ့ ဖွဲ့စည်းရန် ဆွေးနွေးတိုင်ပင်

mgyoe.com

mgyoe.com


သည်။ နောက်တစ်နေ့နံနက်တွင် ဇိမ်ဇာရွာဘက်သို့ ဆရာစံ ထွက်လာခဲ့၏။ ဇိမ်ဇာရွာသို့ရောက်လျှင် ရွာ၌ တစ်မျိုးထူးခြားနေကြောင်း ဆရာစံ သတိပြုမိသည်။

အတွင်းဘက်ကရွာများ၌မူ မျှော်လင့်ချက်ကုန်ဆုံးနေပြီ။ အင်္ဂလိပ်ဆန်စက်များအသင်း (ဘူလင်ဂျာပူးလ်)၊ အစိုးရနှင့် မြေပိုင်ရှင်များသည် လယ်သမားထုအား သုံးပွင့်ဆိုင် နှိပ်စက်နေသဖြင့် လယ်သမားများမှာ ပုန်ကန်ထကြွဖို့မှတစ်ပါး အခြားမျှော်လင့်ချက်မရှိပြီ။

ဇိမ်ဇာတွင်မူကား စစ်ဖိနပ်ဖြင့် အကန်ခံရသူတို့သည် ဒဏ်ရာကို ဆေးသိပ်ရင်း ဖြေဖျောက်မျှော်လင့်ကြ၏။ ပါးရိုက်ခံရသူသည် ပါးကို ဆေးလိမ်းပြီး တစ်စုံတစ်ရာကို အားတက်စွာ မျှော်လင့်သည်။

"ဟိုဘက်ရွာတွေမှာတော့ ဖွတ်ဖွတ်ညက်ညက်ကျေကုန်ပြီ၊ ဒီမှာတော့ စကြာမင်းမျှော်သလိုလို၊ ဘိုးဘိုးအောင် မျှော်သလိုလိုပါလား"

ဝံသာနုခေါင်းဆောင်အိမ်သို့ရောက်လျှင် ဆရာစံက စတင် စုံစမ်းသည်။

"ဟုတ်တယ် ဆရာကြီး၊ အင်္ဂလိပ်ဘုရင် ခွင့်ယူသွားလို့ မြန်မာလူမျိုး ဦးမောင်ကြီးဆိုတာ ဘုရင်ခံတက်ဖြစ်နေသတဲ့"

"သြ သြ .."

ဇိမ်ဇာမှာ သာယာဝတီနှင့် သုံးမိုင်သာဝေးသဖြင့် သတင်းပလင်းစုံလင်၏။

"ဘုရင်ခံဖြစ်ဖြစ်ချင်းပဲ ကျွန်တော်တို့နယ်ဘက်ကို ကြွလာမလို့တဲ့ ဆရာကြီး၊ ကိုယ့်အမျိုးသားဘုရင်ခံဖြစ်လေတော့ မြေရှင်တွေနှိပ်စက်တာ၊ စပါးဈေးကျတာ၊ သဿမေဓနှိပ်စက်တာ အစရှိသဖြင့် အကုန်လုံး လျှောက်ထားအသနားခံရင် သက်သာမှာပဲ"

"ခင်ဗျားထင်သလား"

mgyoe.com

mgyoe.com


"သက်သာကောင်းရဲ့လို့ မျှော်လင့်ရတာပဲ ဆရာကြီး"

ဆရာစံသည် သူ၏ပင်ကိုပုံစံအတိုင်း ပြုံးနေလေ၏။

"ဆရာကြီးက ဘယ်လိုသဘောရလို့လဲ"

"ခင်ဗျား ကုလားဗလီမြင်ဖူးလား"

"ဟုတ်ကဲ့ ဆရာကြီး"

"အဲဒီကုလားဗလီကို ထုံးသုတ်ထားတယ် ဆိုကြပါစို့ဗျာ၊ အဲဒီ ထုံးကို ဖျက်ပစ်ပြီး သစ်စေးအနက်သုတ်လိုက်တော့ မြန်မာစေတီဖြစ်သွား သလား"

"ဟာ .. ဆရာကြီးကလည်း ဗလီဟာ ဗလီပဲနေမယ်လေ"

ဝံသာနုခေါင်းဆောင်သည် ရယ်မောရှာလေ၏။

"သစ်စေးသုတ်ရုံနဲ့ ဗလီဟာ စေတီမဖြစ်ရင် ရွှေချမယ်ဗျာ၊ စေတီ ဖြစ်ရောလား၊ မဖြစ်ပါဘူး၊ ဗလီဟာ ဗလီပဲဟာ၊ အဲဒီအတိုင်းပါပဲ၊ အုပ်ချုပ်ပုံမပြောင်းသမျှ ဆာဂျေမောင်ကြီး ဘုရင်ခံခန့်ခန့်၊ ခင်ဗျားတို့ရဲ့ ကျုပ်တို့ရဲ့ သမ္မတကြီး ဦးချစ်လှိုင်၊ ဦးစိုးသိမ်း၊ ဦးစုတို့ကိုပဲ ဘုရင်ခံ ခန့်ခန့်၊ လယ်သမားတွေကတော့ ပြာပူထဲက မတက်ရပါဘူး"

"ကိုယ့်မြန်မာအချင်းချင်းပဲ ဆရာကြီးရယ်၊ ဒါလောက်တော့ ရိုင်းမယ်မထင်ပါဘူး"

ကျေးရွာခေါင်းဆောင်ကတော့ မျှော်လင့်ချက်ထားနေဆဲပင်။

"ထားပါလေ၊ ဟော .. ခင်ဗျားတို့သူကြီး မဟုတ်လားဗျာ့"

လူတစ်ယောက်နှင့် နောက်လိုက်အချို့ အိမ်ဝိုင်းထဲဝင်လာ သဖြင့် ဆရာစံက သတိပေး၏။

"ဟုတ်တယ်၊ ဟာ .. ဦးဖိုးညွန့်၊ ကြွပါ .. ကြွပါ"

ကျေးရွာဥက္ကဋ္ဌသည် ချိုသာစွာ ဆီးကြို၏။ သူကြီးဦးဖိုးညွန့် သည် နှစ်လုံးပြူးထမ်းသော တပည့်တစ်ယောက်နှင့် ပုလင်းလွယ်သော

mgyoe.com

mgyoe.com


တပည့်တစ်ယောက်တို့ ခြံရုံလျက် ရောက်လာသည်။ ဦးဖိုးညွန့်က ခါး ထောက်၍ ဆရာစံအား မျက်မှောင်ကြုတ်ကြည့်၏။

"ဧည့်သည်က ဘယ်ကလဲ"

"ရန်ကုန်ကပါပဲ"

"အိမ်ပေါ်မတက်တော့ပါဘူး၊ ကျုပ်တို့မြန်မာထဲက ဘုရင်ခံဖြစ် တယ်ဆိုပြီး ခင်ဗျားတို့ဝံသာနုတွေ ချီမကြွနဲ့နော်၊ ကျုပ်ကတော့ ဝတ္တရား အရ ဖမ်းရလိမ့်မယ်၊ ဒါပဲ"

သူကြီးမင်းဦးဖိုးညွန့်သည် ဆရာစံကို မသင်္ကာသဖြင့် ဝင်လာ ခြင်းဖြစ်၏။ သူက အာဏာပြပြီးသည့်နောက်၌ လမ်းမသို့ ပြန်လည် ထွက်ခွာသွားသည်။

"တယ်လည်း အာဏာပြင်းတဲ့ အင်္ဂလိပ်ခွေးပါလား ဟရို့"

ဆရာစံသည် မျှော်လင့်ချက် ပြင်းပြတက်ကြွနေသော ထိုရွာ၌ ဂဠုန်သံမပေးဘဲ ပြန်လှည့်လာခဲ့လေသည်။ မှန်ပေ၏။ မိမိတို့အမျိုးသား ထဲက ဘုရင်ခံဖြစ်နေသောအခါ တော်ရုံတန်ရုံ နာကြည်းမှုသည် လျော့ပါးသွားကာ နက်ဖြန်သဘက် ရွှေမိုးငွေမိုး ရွာတော့မလောက် အထင်ရောက်နေကြချိန်၌ ကိုယ်ရှိန်သတ်နေလိုက်ခြင်းသည် အကောင်း ဆုံးပင်တည်း။

အတွင်းပိုင်းသို့ သတင်းပြန့်သွားလျှင်လည်း သူပုန်စိတ်သည် ထိုက်သင့်သလောက် လျော့ပါးသွားပေဦးမည်။ သို့ရာတွင် သသသမေစ မြေခွန်နှင့် မြေရှင်တို့၏ ရမ်းကားမှုမှာ ကွယ်ပသွားမည်မဟုတ်သော ကြောင့် သူပုန်စိတ်မှာ မကြာမီ ပြန်လည်တောက်ပလာဦးမည်သာ။

သာယာဝတီမြို့ပေါ်သို့ ဆရာစံ ရောက်လာချိန်၌ မြို့ကို ပြင်ဆင် သုတ်သင်နေကြ၏။ မြန်မာအမျိုးသား ဘုရင်ခံမင်းမြတ် ကြွလာတော်မူ မည်ဖြစ်သောကြောင့် မြို့သူမြို့သားများမှာလည်း ရွှင်ပျမြူးထူးနေကြ

mgyoe.com

mgyoe.com


လေ၏။

ဆရာစံသည် မိမိဦးဆောင်ရမည့် သူပုန်ကိစ္စမှာ မုချဆောင်ရွက်ရမည်သာဟု နားလည်၏။

အကယ်၍ မိမိဦးစီးပြီး သူပုန်ထလိုက်လျှင် မိမိကောင်းစွာအားမထားတော့ပြီဖြစ်သော မူလ ဂျီစီဘီအေကို မထိခိုက်စေချင်ပေ။ ထို့ကြောင့် ထိုအဖွဲ့မှ နုတ်ထွက်ရန် လိုအပ်လာ၏။ တစ်ဖန် ထိုမျှဖြင့်မပြီးသေးဘဲ မိမိ၏နယ်ဖြစ်သော မော်လမြိုင် စီရင်စု၊ ဘီလူးကျွန်းတိုက်နယ်၊ ကမာမိုကျေးရွာ စသည်များမှာလည်း နုတ်ထွက်ရပေလိမ့်မည်။

ထို့ကြောင့် သူသည် ဝဲရွာသို့ ခဏပြန်ပြီး ဦးဘအေးအား မှာကြားကာ ရန်ကုန်သို့ တက်ခဲ့သည်။ ဌာနချုပ်မှ နုတ်ထွက်ပြီးလျှင် ကမာမိုသို့ဆက်လာခဲ့ပြန်၏။

"ဆရာဦးစံကျော်ရဲ့ ကလေးနဲ့ဇနီးဆုံးသွားကြတာ သုံးလရှိသွားပြီ၊ ကလေးက မအေထက် ခုနစ်ရက်ပဲစောတယ်"

"အေး .. ငါကလည်း စာမရောက်တဲ့ တောကြိုအုံကြားရောက်နေတော့ စာနဲ့ မဆက်သွယ်မိဘဲကိုး၊ ငါ့အပြစ်ပါပဲလေ"

ဆရာစံ၏ မိမိ၏ အိမ်ကလေးပေါ်သို့ပင် မတက်တော့ဘဲ ဆရာရင်းဖြစ်သော ကညောဆရာတော်ထံသို့ ထွက်ခွာလာခဲ့လေ၏။

❑

mgyoe.com

mgyoe.com

(၆)

"ကျုပ်တို့မြန်မာပြည်ဟာ ကုလားပြည်ထဲက နယ်ကလေး တစ်နယ်ဖြစ်နေတာ ဦးစံဒွေးရဲ့၊ ဘင်္ဂလားမှာ ဘုရင်ခံတစ်ယောက်ထားသလို မြန်မာပြည်နယ်မှာလည်း ဘုရင်ခံတစ်ယောက်ထားတယ်"

ဆရာစံသည် ကမာမိုဦ ကြာကြာမနေဘဲ ဝဲရွာသို့ ပြန်လာခဲ့သည်။

ယမန်နေ့က သာယာဝတီသို့ ဘုရင်ခံကြွလာတော်မူပြီးသွားသဖြင့် သတင်းစနည်းနာရန် ဖိမ်ဇာရွာ ဦးစံဒွေးအိမ်သို့ ရောက်နေခြင်းဖြစ်သည်။ ဆရာစံနှင့်အတူ လင်းတကုန်းမှ ဦးဖိုးဆော့၊ ရေတိုက်မှ ဦးဖိုးချစ်အပြင် ဦးဘအေးလည်း ပါလာကြသည်။

"အဲဒီလိုဘုရင်ခံတွေအပေါ်မှာ ဘုရင်ချုပ်ဆိုတာ ရှိသေးတယ်။ အခု သာယာဝတီကိုလာတာက ဘုရင်ခံဆာချားအင်းနစ် ခွင့်ယူသွားခိုက်မှာ ယာယီဝင်လုပ်ရတဲ့ ဘုရင်ခံပဲ၊ သူ့ဆီမှာသွားပြီး အသနားခံလို့ သူက ဘာများတတ်နိုင်မှာတဲ့လဲ"

"ကိုယ့်အမျိုးသားချင်းပဲ ဆရာကြီး၊ တတ်နိုင်သလောက် ရိုင်းပင်းမှာပါ"

mgyoe.com

mgyoe.com


ဦးစံဒွေးက မျှော်လင့်ချက်ကြီးစွာဖြင့် ဆန့်ကျင်လေသည်။

"ခင်ဗျားတို့ထင်တာဟာ မရိုင်းပါဘူးလေ၊ သို့သော်လည်း ကျုပ်တော့ ဘာတစ်ခုမှ ရလိမ့်မယ်မထင်ဘူး၊ ဘာကြောင့်လဲဆိုရင် ဘုရင်ခံချုပ်မဟုတ်လို့ဘဲ၊ ဘုရင်ခံချုပ်ပင်လျှင် အရေးကြီးတာဖြစ်နေပါက ဘိလပ်ကိုလှမ်းပြီး အမိန့်တောင်းရတယ်"

"ကျွန်တော်တော့ ဘုရင်ခံမင်းကြီးဟာ တောခွန်မပေးဖို့ အမိန့်ပေးသွားပြီ၊ သဿမေဓခွန်တွေ မဆောင်ဘဲနေနိုင်တယ်လို့ အမိန့်ရှိသွားတယ်လို့ ညက အိပ်မက်မက်တယ်"

ရွာသားတစ်ဦးက အားတက်ရွှင်လန်းစွာ ဝင်ပြောလေသည်။ ဆရာစံက ထိုရွာသားအား ကြင်နာစွာကြည့်၍ ပြုံးနေ၏။

"အဲလေ .. ကနေ့မြို့ပေါ်သွား စနည်းနာရင် သိရမှာပဲ"

ဆရာစံ၊ ဦးစံဒွေး၊ ဦးဖိုးချစ်၊ ဦးဖိုးဆော့တို့နှင့် ဦးဘအေးတို့သည် ပြိုင်တူထရပ်လိုက်ကြလေသည်။

ဇိမ်ဇာနှင့် သာယာဝတီကြားတွင် လူသူရှင်းသည်။ ကျေးရွာသားတို့ မြို့ပေါ်တက်သည်မှာ နှစ်နည်းသာရှိ၏။ ပထမနည်းမှာ လယ်ယာ၊ ချောင်း၊ မြောင်း စည်ပင်သဖြင့် ဝယ်ခြမ်းလျှုဒါန်းရန် အုတ်အုတ်ကျက်ကျက်ဖြင့် မြို့သို့တက်ကြသည်။ ဒုတိယနည်းမှာ လယ်ယာ၊ ချောင်း၊ မြောင်း ဆွံ့အသဖြင့် မြေပိုင်ရှင်၏ ကြွေးမြီမပေးဆပ်နိုင်၍ သဿမေဓအခွန်တော်မဆောင်နိုင်၍ ရုံးတင်တရားစွဲခံရကာ ရုံးအမှုဆိုင်ရန်တက်ကြ၏။

သာယာဝတီနှင့် ဇိမ်ဇာကြားတွင် လူသွားလူလာ ပြတ်လပ်လှသည်။ ရွာများသို့ နှိပ်စက်ရန် ဆင်းလာသော တစ်တပ်တလေကို လမ်းမှာတွေ့ရ၏။ ဆရာစံတို့လူသိုက်သည် ဝေးစွာကွင်း၍ ဆက်လာခဲ့ကြသည်။

mgyoe.com

mgyoe.com


တစ်နေရာတွင်မူ သာယာဝတီရုံးသို့ တရားဆိုင်ရန် တက်လာသော လယ်သမားကြီးသုံးဦးကို ဆရာစံတို့က နောက်မှ မီလာ၏။ လယ်သမားကြီးများသည် ကြိုးစင်သို့လှမ်းလာသော ကြိုးကျတရားခံအဖြစ် အသွင်ဖြင့် သွားနေကြသောကြောင့် နောက်မှလာသူများက မီလာခြင်းဖြစ်၏။

"ဘယ်သွားကြမလို့လဲ"

ဆရာစံက ရှေ့မှသွားနှင့်သူများနှင့် ရောမိချိန်တွင် မေးလေသည်။ လယ်သမားကြီးများသည် ဆရာစံအား အားကိုးအားထားပြုဟန်ဖြင့် ပြန်ကြည့်ကြ၏။

"ဟာ .. ဆရာကြီးပါလား၊ ဟော့ .. ကိုဖိုးဆော့လည်း ပါသားပဲ"

သူတို့သည် လင်းတကုန်းရွာသား ဦးဖိုးဆော့နှင့်လည်း သိကျွမ်းကြပေသည်။

"ဘယ်သွားကြမှာလဲ"

"မြို့ပေါ်တက်ပြီး စနည်းနာမလို့ပါဗျာ"

ဦးဖိုးဆော့က အဖြေပေးသည်။

"ကျွန်တော်တို့ မြန်မာဘုရင်ခံ တစ်နေ့က မြို့ပေါ်ကို လာသွားတယ်မဟုတ်လား။ သုံးဆယ်ချောင်းဖျားတစ်ဝိုက်နဲ့ သာယာဝတီနောက်ဖေးက ကျုပ်တို့တစ်တွေ အသက်မသေရုံ ခံစားနေကြရတဲ့ ဒုက္ခကသက်သာအောင် ဘယ်လိုများ မိန့်တော်မူသွားသလဲလို့"

"ဟုတ်ကဲ့၊ ဘုရင်ခံမင်းအမိန့်နဲ့ ကျုပ်တို့အမှုကို ပလပ်ပစ်လိုက်ပါစေ ဆုတောင်းရတာပဲ"

လယ်သမားကြီးတစ်ဦးက မျှော်လင့်ချက်ကြီးစွာဖြင့် မြည်တမ်းသည်။

"ဘာဖြစ်ကြတာလဲ"

mgyoe.com

mgyoe.com


ဆရာစံက ဝင်မေး၏။

"မတရားတာတော့ မတရားတာပါပဲ ဆရာကြီးရဲ့၊ အလာကပွ ချစ်တီးလေ၊ လွန်ခဲ့တဲ့ ၂ နှစ်က ငွေငါးဆယ်ချေးမိတာ၊ တစ်နှစ်ကိုစပါး တစ်ရာကျနဲ့ နှစ်နှစ်ကို စပါးနှစ်ရာ ဆပ်ပြီးပြီ၊ အဲဒါ မကျေသေးဘူး ဆရာကြီး၊ ခြောက်ဆယ်ကျန်သေးတယ်"

"နှစ်ထပ်တိုး နှိပ်စက်တာပဲဗျ၊ အရင်းနဲ့အတိုးနဲ့ပေါင်း၊ တိုးရင်းနဲ့ အတိုးပေါင်းတော့ ဘာခံနိုင်မလဲဗျာ"

"အဲဒါ ဒီနှစ်တော့ ခြောက်ဆယ်ကျန်သေးတာ၊ လက်မှတ်မထိုးလို့ ရုံးကနေပြီး တရားစွဲတာပဲ"

"ခင်ဗျားရှုံးမှာပါပဲဗျာ"

ဆရာစံကတော့ အင်္ဂဝိဇ္ဇာတွက်မတွက်ဘဲ အတပ်ဟောလိုက်၏။

"ရှုံးပါစေဆရာကြီး၊ ကျွန်တော်ရှုံးရင်လေ .. ဒီချစ်တီးရဲ့လည်ပင်းကိုဖြတ်မယ် .. ဒါပဲ"

"တစ်ကိုယ်တော် မလုပ်နဲ့လေ၊ သမဂ္ဂါနံ တပေါသုခေါတဲ့၊ ညီညွတ်စည်းလုံးခြင်းသည် ချမ်းသာသုခလို့ ဆိုသဗျ၊ ခင်ဗျားတစ်ယောက်တည်းဆိုရင် မြေရှင်က လက်ဝါးနဲ့ ချေပစ်လိုက်မှာပဲ၊ ဘဝတူတွေ ငါးရွာတန်သည်၊ ခြောက်ရွာတန်သည် ပေါင်းလိုက်တော့ ဧရာမအင်အားကြီး ဖြစ်လာတယ်မဟုတ်လား"

ဆရာစံ၏ ဆိုလိုချက်၊ ရည်ရွယ်ချက်ကို ငိုင်၍ စဉ်းစားရင်း လယ်သမားကြီးသုံးယောက် ကျန်ရစ်ခဲ့ကြသည်။

ဆရာစံနှင့်အဖော်များသည် မြို့ထဲသို့ဝင်ခဲ့ကြ၏။ မြို့သည် ခြောက်ကပ်နေချေသည်။

"ကြည့်စမ်း ကိုဖိုးချစ်၊ ရွာသီတော့ မြို့လည်း မစည်နိုင်ဘူး"

"ဟုတ်ပါတယ် ဆရာကြီး"

mgyoe.com

mgyoe.com


သူတို့သည် ဈေးဦးမပေါက်သည့်ရက်က များသည်ဟူသော ညည်းတွားသံများ လျှံနေသည့် ဈေးထဲမှဖြတ်၍ မင်းတိုင်ပင်အမတ်ကြီး တစ်ဦး၏အိမ်သို့ လာခဲ့ကြသည်။ အမတ်မှာ ချမ်းသာကြွယ်ဝသော မျိုးရိုးမှဆင်းသက်လာသည့် မြေပိုင်ရှင်တစ်ဦးဖြစ်၏။

ဂျီ၊ စီ၊ ဘီ၊ အေ ဌာနချုပ် အမှုဆောင်ဖြစ်သည့်အပြင် တက်ကြွ ထက်မြက်သော အသင်းသားတစ်ဦးဖြစ်သောကြောင့် ဆရာစံအား ထိုမင်းတိုင်ပင်အမတ်က ကောင်းစွာသိရှိသည်။ ဆရာစံပါသောကြောင့် လည်း သူက ဆရာစံနှင့်အဖော်များအား ဖော်ရွေစွာ ဧည့်ခံ၏။ နေရာ ထိုင်ခင်းပေးပြီးနောက် သူကပင် စတင်၍ မေးမြန်းသည်။

"ဆရာစံလည်း ဒီဘက်မှာ စက်ကျနေတယ်လို့ ကြားပါတယ်၊ စုံစမ်းရေးလေ့လာရေးတင်ပဲလား၊ တခြားအစီအစဉ်တွေ ရှိလို့လား"

"လေ့လာရေးပဲ ဆိုပါတော့ဗျာ"

ဆရာစံသည် မိမိ၏ ပင်ကိုဟန်မူအတိုင်း အေးဆေးပြုံးချို စွာပြန် ဖြေ၏။

"နို့ .. အသင်းချုပ်ကြီးထဲက ထွက်လိုက်ပြီဆို .."

"ဟုတ်ပါတယ်"

မင်းတိုင်ပင်အမတ်မင်းသည် နှမြောတသဟန်ဖြင့် စုတ်သပ်ရှာ ၏ ။

"အသင်းချုပ်ကြီးမှာ အမှုဆောင်ဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ် ဘူးနော်၊ ခင်ဗျားအင်မတန်တော်လို့ဖြစ်တာ၊ အလကား ထွက်ပစ်ရတယ် လို့ဗျာ"

"ကျွန်တော် မယုံကြည်ဘူး အမတ်မင်း"

"ဗျာ .."

"ကျွန်တော်တို့အသင်းချုပ်ကြီးဟာ တောင်သူလယ်သမားတွေရဲ့

mgyoe.com

mgyoe.com


ငရဲတွင်းကဒုက္ခကို ဘယ်လိုမှ ကာကွယ်မပေးနိုင်ဘူးဆိုတာ သိလို့ပဲ"

"ဩ .. ဒါကြောင့် ဆရာက တကယ်တမ်းအလုပ်လုပ်နိုင်အောင် ဂျွန်အဖွဲ့ဖွဲ့ဖို့ စိုင်းပြင်းနေတာကိုး .. ဟုတ်လား"

အမတ်မင်းသည် မည်သို့ သတင်းရလေသည်မသိ။ ဖြစ်မြောက်ရေးကော်မတီအဆင့်မျှသာ ရှိသေးသော အသင်း၏အမည်ကို အမတ်မင်းက ထုတ်ဖော်ရေရွတ်လိုက်လျှင် ဆရာစံ အံ့အားသင့်သွား၏။ သို့ရာတွင် ဆရာစံသည် မျက်နှာပြင်၌ အံ့ဩမှုအရိပ်အယောင်ကို ထုတ်ဖော်မပြသချေ။

"ကျွန်တော် အခုလာခဲ့တာ ကိစ္စရှိလို့ပါ အမတ်မင်း"

"သိပါတယ်၊ ကိစ္စမရှိရင် ဆရာမလာပါဘူး"

"ဘုရင်ခံလာစဉ်က ဘာတွေလုပ်ကြလို့ ဘာတွေပြောသွားတယ်ဆိုတာ သိချင်လို့ပါပဲ"

ဆရာစံသည် ရုပ်စုံကွမ်းအစ်ကြီးကို ဆွဲယူကာ ကွမ်းယာရင်း အမတ်မင်းအား မသိမသာ အကဲခတ်လိုက်သည်။

"ကျွန်တော်က ကြိုဆိုရေးအဖွဲ့သားတစ်ယောက်ပဲဗျာ၊ ကောင်းကောင်းသိတာပေါ့"

"ဟုတ်ပါပြီ"

"ကျွန်တော်တို့ ဩဘာစာရတုပိုဒ်စုံတွေ ဖတ်ကြတယ်ဗျ၊ တတိယပိုဒ်မှာ မြန်မာပြည်သူပြည်သားတွေကို ရင်ဝယ်သားကဲ့သို့ သနားတော်မူဖို့လည်း ထည့်ရေးထားတဲ့အပြင် လယ်သမားတွေရဲ့ အသနားခံ စာတစ်စောင်ကိုလည်း တင်ကြသေးတယ်"

"အသနားခံစာထဲမှာ ဘာတွေပါတယ်ဆိုတာ အမတ်မင်း မသိဘူးလား"

"သိတာပေါ့ဗျာ၊ ကျုပ်က ကြိုဆိုရေးအဖွဲ့ဝင်ပဲဟာ၊ ကျုပ်တို့

mgyoe.com

mgyoe.com


ဖတ်ကြည့်ပြီးမှ အရေးပိုင်ကိုပေးတာ။ အရေးပိုင်ကမှ ဖြတ်သင့်တာတွေ ဖြတ်ပြီး ဘုရင်ခံဆီ တင်တာဗျ"

"ကုန်ပါပြီဗျာ၊ သွားပါပြီဗျာ"

ဦးစံဒွေး ရေရွတ်လိုက်လေသည်။

"အရေးပိုင်ဖြတ်ပစ်တာက တချို့ကျေးရွာတွေမှာ မြေရှင်ကနိုပ် စက်လို့ ကျိုးလန့်စာစားဖြစ်ကုန်ပါပြီ ဆိုတာကလေးပါ"

"မထူးပါဘူး အမတ်မင်းရယ်၊ ဒါတွေသိမသွားရင် ဘာအသုံးကျ မှာလဲ"

မြန်မာအမျိုးသား ဘုရင်ခံမင်းမြတ်အပေါ်၌ များစွာ မျှော်လင့် အားထားနေရှာသော ဇိမ်ဇာရွာမှ ဦးစံဒွေးမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရှာလေသည်။

"သို့ပေမဲ့ တောခွန်တစ်မတ်ကို ပယ်ဖျက်ပြီး သစ်ဝါး အလကား ခုတ်ခွင့်ပေးဖို့ဆိုတာရယ်၊ စပါးဈေးထိုးကျတဲ့အတွက် ဆင်းရဲ သူဆင်းရဲ သားများမှာ သဿမေဓအခွန်တော် မဆောင်နိုင်ကြတာမို့ သဿမေဓ အခွန်တော် ပယ်ဖျက်ပေးဖို့ဆိုတဲ့ အချက်တွေ ပါပါတယ်ဗျ မိတ်ဆွေရဲ့"

"အဲဒါတွေကို ကြားနာပြီးတော့ ဘုရင်ခံက ဘာပြောသွားလဲဗျာ"

ဆရာစံက မေးမြန်းလိုက်ခြင်းဖြစ်သည်။

"ဘုရင်ခံမင်းမြတ်က တောခွန် ၁၆ ပြားဟာ မဖြစ်လောက်တဲ့ အတွက် ပေးဆောင်ကြပါတဲ့"

"ဩ .. ဩ .. နည်းတဲ့အတွက် ပေးကြပါ။ ဟုတ်ပြီ။ သဿမေဓ နှစ်ကျပ်ခွဲ၊ ငါးကျပ်ကျမှ ..."

"အစိုးရမင်းများမှာ တိုင်းပြည်ကို စီရင်အုပ်ချုပ်ရေးအတွက် ဘဏ္ဍာတော်ငွေများစွာ ကျပ်တည်းနေတာမို့ သဿမေဓအခွန်တော်ကို တော့ မဖျက်နိုင်ဘူးတဲ့"

mgyoe.com

mgyoe.com


"သနားစရာကောင်းလိုက်တာဗျာ"

ဝဲရွာသားကြီး ဦးဘအေးက တကယ်ပဲ သနားလေဟန် မြည်ရွတ်နေလေသည်။

ဆရာစံကတော့ ဦးစံဒွေး၊ ဦးဖိုးချစ်နှင့် ဦးဖိုးဆော့တို့အား ပြုံး၍ အဓိပ္ပာယ်ပါပါ ကြည့်နေလေ၏။ ဦးစံဒွေးမှာ မှိုင်ကျသွားလေသည်။

"ဒါဖြင့် လယ်သမားရွာတွေကို သသသမေဓမဆောင်နိုင်မှုနဲ့ အစိုးရက နှိပ်စက်မြဲနှိပ်စက်နေမယ်ဆိုတဲ့ အဓိပ္ပာယ်ထွက်တာပဲ"

ဦးဘအေးသည် မှတ်ချက်ချလိုက်သည်တွင် ဦးဖိုးချစ်က ...

"မြေရှင်တွေရဲ့ နှိပ်စက်မှုကိုလည်း ခံမြဲခံနေကြရတော့မှာပဲ"

ဟု ဝင်ရောက်မြည်တမ်း၏။

"ဒါတွေထားကြပါလေ၊ ကျုပ်တို့ မင်းတိုင်ပင်အမတ်တွေက တဖြည်းဖြည်း ဆောင်ရွက်ပေးပါ့မယ်၊ ကျုပ်တို့ ဆောင်ရွက်ပေးတာကြာမယ်၊ အဲဒီတော့ ကြာတာမစောင့်နိုင်ရင် သူပုန်ထကြပေါ့ဗျာ"

အမတ်မင်းက ဆရာစံနှင့် အဖော်များအား လေးနက်စွာကြည့်၍ ပြောသည်တွင် ဆရာစံက ...

"အမတ်မင်းကိုယ်တိုင် ဓားကိုင်ပြီးတိုက်မှာလား"

ဟု ဖြတ်မေး၏။ အမတ်မင်းမှာ မျက်နှာပျက်သွားသည်။ သို့ရာတွင် မြို့မျက်နှာဖုံးလူကြီးပီပီ ချက်ချင်း မျက်နှာပြန်ပြင်၏။

"သူပုန်တွေကိုယ်စား မြို့ပေါ်ကနေပြီး ဆောင်ရွက်မယ်လေ"

ဆရာစံက ပြုံးလိုက်သည်။ အမတ်မင်းကမူ ဆက်လက်၍ ..

"အင်္ဂလိပ်က စနေနံ၊ စနေနံဆိုတာက နဂါး၊ ဆရာစံတို့ဖွဲ့မယ့် အဖွဲ့ကလည်း နဂါးကိုနိုင်တဲ့ ဂဠုန်အဖွဲ့ဆိုတော့ ကိန်းခန်းတဘောင်တွေနဲ့ အတော်ကြီးကိုက်ညီနေပြီဗျာ"

"ဆိုစမ်းပါဦး အမတ်မင်းရဲ့၊ ကျွန်တော်တို့လည်း ဗဟုသုတ

mgyoe.com

mgyoe.com


အဖြစ် ကြားကြရအောင်"

ဦးစံဒွေးက တောင်းပန်လေသည်။

"အဟမ်း .. ချမ်းသာရန် မြန်မာတစ်ခေတ်မှာ တစ်နှစ်သီကာ ခြားတော့ နဂါး ဂဠုန်သုတ် တုန်လှုပ်ကာ ဟိုပြည်သားတို့မှာ ကျေသွားကာ ဘယာပျောက်ပါလို့၊ ငါတို့သခင် မချို့ ပလ္လင်ရောက်ပါလိမ့်မယ်၊ ကွယ် .. ဘုန်းတောက်တဲ့မင်း"

အမတ်မင်းက စိတ်အားထက်သန်စွာ ရွတ်ပြသလောက် ဆရာစံက ပြုံးစိစိလုပ်၍မေး၏။

"ဒါနဲ့ ဘာဆိုင်လဲဗျ"

"ဆိုင်တာပေါ့ ဆရာရဲ့၊ ဆရာတို့ကလည်း ဂဠုန်အဖွဲ့ဖွဲ့မယ်။ ဒီတဘောင်ကလည်း နဂါးဂဠုန်သုတ်တယ် ဘုန်းတောက်တဲ့မင်းတဲ့"

"ဒါဟာ တဘောင်မဟုတ်ဘူး အမတ်မင်း။ အင်္ဂရိတ်နဲ့ ပတ်သက်တဲ့ လုတ်ရပ်သံချိုဗျ။ ဦးကျော်လှရေးတာ"

"အို .. ဘာပဲဖြစ်ဖြစ်ပေါ့ ဆရာစံရယ်။ လယ်သမားတွေက တောထဲက သူပုန်ထ။ သူပုန်တွေ အောင်မြင်အောင် ကျွန်တော်က မြို့ပေါ်က ဆောင်ရွက်မယ်။ ဥပဒေပြုလွှတ်တော်ထဲမှာလည်း ဆူပေးမယ်။ သူပုန်တွေ မတော်တဆ ခြေချော်လက်ချော်ဖြစ်လည်း ရေကြည်တစ်ပေါက် မစွန်းအောင် ဥပဒေကြောင်းနဲ့ လျှောက်လဲပေးမယ်"

"လယ်သမားတွေကို ဒုက္ခရောက်အောင် သွေးမဆောင်ပါနဲ့ အမတ်မင်း"

ဆရာစံက ချိုသာအေးနေကျအသံမှ ပြောင်း၍ တည်ငြိမ်စွာပြောသည်။

"ဆရာစံက ကျွန်တော့်ကို အထင်သေးနေတာကိုးခင်ဗျ။ ကျွန်တော်ဟာ ဥပဒေကို အရည်ကျိုသောက်လာတဲ့လူပါဗျ"

mgyoe.com

mgyoe.com


"လက်နက်ဆိုလို့ ဓားပဲရှိတဲ့ လယ်သမားတွေဟာ မထရဲကြပါဘူး အမတ်မင်းရဲ့။ ပြီးတော့ အမတ်မင်းကြားတဲ့ ဂဠုန်အဖွဲ့ဆိုတာက လည်း မိမိတို့အမျိုးသား ဘုရင်ခံဖြစ်နေတဲ့အခါမှာ နှောင့်ယှက်ဆောင် ရွက်ဖို့ မလိုတော့တဲ့အတွက် မဖွဲ့တော့ပါဘူး။ ဖွဲ့ပြီးသားကိုလည်း ဖျက် လိုက်ပါပြီ"

"အောင်မလေးဗျာ .. နမြော်စရာဗျာ"

အမတ်မင်းမှာ ရင်ကိုထုတော့မတတ် ဖြစ်သွားသည်။

"ရန်ကုန်မှာဆိုလည်း ကုလားနဲ့မြန်မာ ရိုက်တော့မလို စောင်နေကြပြီဗျ။ ဟိုမှာလည်း အဓိကရုဏ်းမီးကြီး တောက်နေတုန်း၊ ဒီကလည်း သူပုန်ထဆိုရင် .."

ဆရာစံသည် အမတ်မင်းနှင့် စကားဖြတ်လိုက်ကာ အဖော်များနှင့် ထပြန်လာခဲ့လေသည်။

ဆရာစံ၏အဖော်များသည် ဆရာစံအား နားမလည်သလို အကြည့်ဖြင့် ကြည့်ရင်း လိုက်ပါလာကြ၏။ တစ်စုံတစ်ရာနှင့် ပတ်သက် ၍ ဆရာစံအပေါ်၌ မကျေမနပ်ဖြစ်နေကြဟန်တူသည်။ သို့ကြောင့်ပင် ဦးဘအေးက စတင်မေးလာ၏။

"ဂဠုန်အဖွဲ့ ဘာဖြစ်လို့ဖျက်မှာလဲ ဆရာကြီးရဲ့"

ဆရာစံက ပြုံးလိုက်သည်။

"မြန်မာဘုရင်ခံကို အားမကိုးဘူးလို့ ကျွန်တော်တို့ကိုပြောပြီး အမတ်မင်းရှေ့ရောက်တော့ ဘာဖြစ်လို့ တစ်မျိုးပြောသလဲ ဆရာကြီး"

ဆရာစံက ပြုံးနေသည်။

"တောခွန်တစ်မတ်တော့ မဖြစ်လောက်တော့ ဆောင်ကြပါပြောပြီး သသမေကျေတော့ အစိုးရမှာ ငွေမရှိလို့ဆိုတဲ့ ဘုရင်ခံကို ဆရာကြီး အားထားသလား"

mgyoe.com

mgyoe.com


ဆရာစံသည် မိမိအဖော်များ၏မျက်နှာကိုသာ အေးဆေးစွာ စေ့စေ့စပ်စပ် ကြည့်နေ၏။

"ပြေးစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိ၊ စားစရာလည်း ဘာမျှမရှိတဲ့ ကျွန်တော်တို့တစ်တွေဟာ ဂဠုန်အဖွဲ့ကိုဖျက်ပြီး ဘာလုပ်ကြမလဲ"

"အေးအေးဆေးဆေးပေါ့လေ။ ဒီမှာ အမောဖြေရင်း ဆွေးနွေးကြရအောင်"

ဆရာစံသည် သစ်ပင်ရိပ်တွင် ဝင်ထိုင်ရင်း တစ်ဆက်တည်း ရှင်းလင်းပြသည်။

"ဒီအမတ်ဟာ ကျုပ်တို့တစ်တွေကို သေခိုင်းပြီး နာမည်ကောင်း ယူချင်လို့ဗျ။ သူ့စိတ်သဘောကို မကြိုက်ဘူး။ သူ့ကိုလည်း မယုံကြည်တဲ့ အတွက် ဂဠုန်အဖွဲ့ကို ဖျက်လိုက်ပြီလို့ပြောတာ"

"ဩော် .."

ရှင်းပြလေမှပင် ဆရာစံ၏အဖော်များမှာ သံသယရှင်းသွားကြလေ၏။

"ကျုပ်တို့အတွက် ပုန်ကန်ဖို့ကလွဲလို့ တခြားနည်းလမ်းမရှိတော့ ပါဘူး။ ဒါကြောင့် ဂဠုန်အဖွဲ့တွေကို လျှို့ဝှက်ပြီး ဆက်လက်ဖွဲ့စည်း ကြရမယ်။ သစ်တောပုလိပ်တွေကို တစ်ယောက်တည်း အဖော်ကွဲနေတဲ့ အခါ အစတုံးပစ်ပြီး လက်နက်ကိုယူရမယ်။ အဲဒီလိုပဲ စစ်ပုလိပ်တို့ စစ်သားတို့ကိုလည်း ပိုင်လောက်ရင် သတ်ပစ်။ ဒီလိုနဲ့ လက်နက်စုရ မယ်။ တစ်ဖက်က စစ်သေနင်္ဂဗျူဟာတွေ လေ့ကျင့်ကြရမယ်။ အခြေ အနေကောင်းတာနဲ့တစ်ပြိုင်နက် ပြိုင်တူထတိုက်ကြမယ်။ အခုတိုက်လို့ တော့ မဖြစ်သေးဘူး"

"တိုက်မယ်၊ သတ်မယ်၊ ချမယ်"

mgyoe.com

mgyoe.com


ရေဒိုက်ရွာသား၊ လင်းတကုန်းရွာသား၊ ဝဲရွာနှင့် ဇိမ်ဇာရွာသားတို့၏ အောင်မြင်သောအသံကြီးသည် ကွင်းကိုဖုံးအုပ်သွားလေ၏။

❑

mgyoe.com

mgyoe.com

# (၇)

သဲဖြူရွာကလေးမှာ လူသူကင်းမဲ့နေဘိအလား ငြိမ်သက်တိတ်ဆိတ်နေသည်။

ခွေးသံ၊ ကြက်သံနှင့် ကျွဲနွားတို့၏အသံကိုသော်မျှ မကြားရလေ။ ရွာငယ်သည် ပကတိသုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်နေ၏။ အကြောင့်ကြကင်းမဲ့သော ကလေးငယ်တို့၏ ရယ်မြူးသံသည်ပင် မလွင်လာချေ။

ဆရာစံသည် ကျီးကြည့်ကြောင်ကြည့်ဖြင့် ရွာထဲသို့ ဝင်လာခဲ့သည်။ ယမန်နေ့များကလည်း ဆရာစံသည် သံလမ်းအနောက်ဘက်ရှိ ဖိုင်းသွယ်နှင့် သေနွယ်ဝွေးရွာများသို့ရောက်ခဲ့ရာ အလားတူပင် သင်္ချိုင်းကုန်း ဖြစ်နေသည်ကို တွေ့ခဲ့ရ၏။ ယခုလည်း မွှေသွားပြန်ပြီလား။

"ကိုကောက် .. ဟေ့ ကိုကောက် မရှိဘူးလား၊ ဘယ်သွားနေပါလိမ့်"

တဲစုတ်ကလေးတစ်လုံးရှေ့တွင် ရပ်ပြီး အသံပေးကြည့်မိသည်။ တဲအတွင်းမှ လှုပ်ရှားသံလည်းမကြားရ။ တစ်စုံတစ်ယောက်၏ အသံပေးသံမျှလည်း မပေါ်လာ။

mgyoe.com

mgyoe.com


"ကိုကောက်တို့ ဘယ်များသွားကြပါလိမ့်"

အိမ်နီးချင်းများကို မေးမြန်းရန် ခြေရင်းအိမ်၊ ခေါင်းရင်းအိမ်များကို လှမ်းကြည့်သည်။ ထိုအိမ်များ၌လည်း လူရိပ်လူယောင် မမြင်ရပေ။ လူကိုထားပါဦး။ အင်မတန်ဟောင်သော ခွေးများသည်ရော.. ဘယ်ရောက်ကုန်ကြပြီနည်း။

"ဟေး ကိုကောက်"

ဆရာစံသည် သစ်တုံးတစ်ခုပေါ်တွင် ဆောင့်ကြောင့်ဝင်ထိုင်သည်။ ချက်ချင်းပင် တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့် တဲရှေ့သို့ပြန်လာ၏။ တဲတံစက်မြိတ်အောက်သို့ရောက်အောင် ဝင်ကာ အသံပေးပြန်သည်။

"ကိုကောက်တို့ မရှိကြဘူးလားဟေ့"

တဲတွင်းမှ ကြမ်းပြင်ပေါ်တွင် တစ်စုံတစ်ရာ လိမ့်လူးသံလိုလိုထွက်ပေါ်လာ၏။

"ဟေ့ ကိုကောက် .. အိပ်နေသလား"

ဆရာစံသည် တဲတွင်းသို့ ခေါင်းလျှို၍ မေးသည်တွင် ကိုကောက်အား တဲထဲ၌ လဲနေသည်ကို မြင်ရသည်။ ကိုကောက်သည် ဆရာစံအားသွားအကျဲသား ပါးစပ်ဟလျက် ပြူးကြောင်သော မျက်လုံးကြီးများဖြင့် ငေးကြည့်နေ၏။

"ဘာဖြစ်နေတာလဲ ကိုကောက်"

ဆရာစံသည် တဲပေါ်သို့ ပြေးတက်လာကာ ကိုကောက်အားပွေ့ထားသည်။ ကိုကောက်သည် ဆရာစံအား ပြူးကြည့်မြဲ။ ကိုကောက်၏နားထင်သည် လက်နှစ်လုံးခန့် ချိုင့်ဝင်နေကာ နားထင်ချိုင့်ထဲတွင် မြွေဟောက်ကြီးများ ခိုအောင်းနေဘိအလား အကြောကြီးများ ယှက်သန်းနေပေ၏။

mgyoe.com

mgyoe.com


သူ၏မျက်နှာ၌ အသားဟူ၍ မရှိတော့ပြီ။ အရေသည် ဦးခေါင်းခွံ၌ ကပ်နေ၏။ မျက်တွင်းသည် လက်တစ်ဆုပ်မျှနက်သော မျက်လုံးအစုံသည် မှေးပြာနေသည်။ နောက်စေ့နှင့်များ ကပ်နေပြီလားထင်ရ၏။ ထို့ကြောင့် ကိုကောက်မှာ ဆရာစံထားသလို အရုပ်ကလေးသဖွယ်နေသည်။ လက်၊ ခြေ၊ ဦးခေါင်း ဘာမျှမလှုပ်တော့။

"အင်း .. သွေးတိုးကလည်း နည်းလှချည်လား"

ဆရာစံသည် ကိုကောက်၏လက်ကို သွေးစမ်းကြည့်ပြီး ညည်းတွား၏။

"ဘယ်ကစဖြစ်တာလဲ၊ ဘာရောဂါလဲ၊ အခု ဘယ်လိုနေလဲ" ဟု မေးချင်သည်။ သမားမည်သည် အခြေအမြစ်ကိုသိမှ ဆေးပေးရာမှာ စွမ်းသည်မဟုတ်လော။ ယခုမူ ကိုကောက်မှာ မည်သို့မျှ ဖြေနိုင်မည်မဟုတ်ပေ။

သို့ရာတွင် ဘာမှန်းမသိဘဲနှင့် ဆေးပေးရန်က ခက်လှသည်။

ဤရောဂါအတွက် များစွာထက်မြက်ထိရောက်သော ဆေးတစ်လက်သည် ထိုရောဂါအတွက်မူ အဆိပ်သဖွယ် ပြင်းထန်တတ်၏။ ကိုကောက် ယခုလို အသက်ဖုတ်လှိုက်ဖြစ်အောင် နှိပ်စက်နေသော ရောဂါသည် ဤရောဂါလား၊ ထိုရောဂါလား။

ဆရာစံသည် နောက်ဆုံး၌ ဆေးပုလင်း၊ ဆေးတောင့်များကို လွယ်အိတ်ထဲသို့ပြန်ထည့်ကာ ဖန်ပုလင်းတစ်လုံးကိုဖွင့်သည်။ ပုလင်းကား စတုမဓူ ပုလင်းပေတည်း။ မြန်မာ့အယူအဆ၌ စတုမဓူသည် ထက်မြက်သော သြဇာရသနှင့် ပြည့်စုံသော ဆေးလည်းဖြစ်၏။ အစာလည်း မည်လေ၏။

စတုမဓူကို ဇွန်းကလေးဖြင့်ကော်ပြီး ကိုကောက်၏လျှာပေါ်သို့ နည်းနည်းချင်း တင်ပေးသည်။ ကိုကောက်၏ပါးစပ်သည် ဖြည်းညင်း

mgyoe.com

mgyoe.com


စွာ လှုပ်လာ၏။ စတုမဂ္ဂုကို မြဲ့သည်။

စတုမဂ္ဂု ရွေးကြီးလေးစေ့လောက် ဝင်သွားချိန်တွင် ကိုကောက်၏ ပြာမှုန်နေသော မျက်လုံးသည် ကြည်လင်လာလေ၏။ ဆရာစံသည် ကိုကောက်အား ဖြည်းညင်းစွာချထားခဲ့ပြီး မီးဖိုထဲရှိ ရေအိုးသို့ ရေလာခပ်၏။ ရေအိုးထဲ၌ ရေမရှိ။

ထို့ကြောင့် ဆရာစံသည် တဲကလေးပေါ်မှ ပြေးဆင်းလာသည်။ ရေတွင်းမှာ ကိုက်တစ်ရာခန့်ဝေးသောနေရာ၌ရှိ၏။ ရေတွင်းသို့ လှမ်းမျှော်ကြည့်လိုက်ရာ တန့်သွား၏။ ရေတွင်း၌ ရေပုံးမရှိချေ။

ကိုကောက်၏တဲနှင့် မျက်နှာချင်းဆိုင် တဲကလေးများမှာ ဆင်နင်းထားသည့်ပမာ ကြေမွနေ၏။ အပြိုအပျက်များကြားမှ ရေငင်သော ပုံးတစ်ပုံးကို ကြိုးတန်းလန်းဖြင့် လှမ်းမြင်ရ၍ ပြေးသွားကာ ရေပုံးကို အပြေးအလွှားဆွဲလိုက်ရာ တွင်းထဲရှိ တစ်စုံတစ်ရာကို လှမ်းမြင်ရသဖြင့် နောက်သို့ ယောင်ယမ်းပြီး ဆုတ်သွားမိ၏။

"ဟင် .. သေနေပါကလား"

ဆရာစံ မြင်ရသောအရာမှာ အပျက်အစီးထဲမှ လူနှစ်ယောက်တည်း။

မိန်းမမှာ လုံ့စွပ်၊ သို့မဟုတ် ဓားမြှောင်ကဲ့သို့သောအရာဖြင့် ထိုးဆွသတ်ဖြတ်ခံရသည်။ ယောကျ်ားအလောင်းမှာ မည်သည့်ဒဏ်ရာမျှ မရှိချေ။ မိန်းမအလောင်းမှာ အနံ့ထွက်စပြုနေပြီ။

ဆရာစံသည် ရေငင်ပုံးကိုယူ၍ ရေတွင်းသို့ပြေးသွားသည်။ လင်းတသုံးကောင်သည် ဆရာစံကိုမြင်သဖြင့် ထပျံသွားလေ၏။ ဆရာစံ၏စိတ်ထဲ၌ မသင်္ကာတော့ပေ။ အားငယ်သလိုလို၊ မယုံကြည်သလိုလို ဖြစ်၏။

တောင်မြောက်ဝဲယာ လှမ်းကြည့်ရင်း ရေတွင်းထဲသို့ ရေပုံးချလိုက်သည်တွင် ရေတွင်း၏ဟိုဘက်ဘေးမှနေ၍ ရေတွင်းပေါင်ပေါ်သို့

mgyoe.com